# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



### မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားဖို့ အလေးထားဆောင်ရွက်ကြပါစို့

ဆောင်းပါး | စာ ၁၀

### မြစ်သားမြို့နယ်၌ ဆောင်းပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

စီးပွားရေးသတင်းများ | စာ ၁၂



### ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅၄ သန်းကျော် လာရောက်လည်ပတ်

နိုင်ငံတကာသတင်း | စာ ၁၃



# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူ၌ ကုလားပဲ ၄၂၄၇၇ ဧကအထိ စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ပြီး သီးနှံအထွက်နှုန်းတိုးရေး ကြိုးပမ်းဆောင်ရွက်

ပွင့်ဖြူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၄၂၄၇၇ ဧကအထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်းနှင့် သီးနှံအထွက်နှုန်းများ တိုးတက်စေရန် လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရေး ကြိုတင်ကာကွယ်နှိမ်နင်းခြင်း စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ထူးခြားသည့် ညအပူချိန်များ** ၈ - ၁ - ၂၀၂၅

| | | |
|---|---|---|
| နမ့်စန် | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |




# အသိပညာများ စုဆောင်းကြရာ သုတဘဏ်တိုက် စာကြည့်တိုက်များ

မိမိတို့နိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ “ပါတီစုံဒီမိုကရေစီစနစ်” ခိုင်မာရေးနှင့် “ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု” တည်ဆောက်နိုင်ရေးဖြစ်သည်။ ဒီမိုကရေစီတွင် ပြည်သူသည် ဗဟိုချက်ဖြစ်ရာ ဒီမိုကရေစီနိုင်ငံသားတိုင်း ပညာရည်ပြည့်ဝကြဖို့လိုသည်။ သို့ဖြစ်ရာ နိုင်ငံသားများကို ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ သင်ကြားပေးနိုင်မည့် ကောင်းမွန်သည့် ပညာရေးစနစ်နှင့် စဉ်ဆက်မပြတ်လေ့လာနိုင်သည့်စနစ်တို့ ဖော်ဆောင်ပေးထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က “တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်ဟာ အခက်အခဲဆုံးဖြစ်တယ်။ ဒီမိုကရေစီအောင်မြင်ဖို့ ပြည်သူပြည်သားတွေက အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရားလုံလောက်စွာရှိရမယ်။ ပညာရေးသည် နိုင်ငံတော်၏ အခြေခံအစစ်ဖြစ်တယ်။ အသိဉာဏ်ကင်းမဲ့တဲ့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မယ်” ဟူ၍ဆိုခဲ့ဖူးရာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေသည့် မိမိတို့နိုင်ငံအနေဖြင့် သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်ကြသော်လည်း အများစုမှာ မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ရာ ပညာရေးအားနည်းလျက်ရှိသည်။ စာမတတ်ခြင်း၊ ပညာရေးနိမ့်ကျခြင်းတို့က ဘဝရပ်တည်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခက်ခဲစေသည်။ နိုင်ငံအနေဖြင့်လည်း နိုင်ငံသူနိုင်ငံသားတို့ ပညာရေးနိမ့်ကျခြင်းက နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ အားနည်းချို့တဲ့စေသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကို အားပေးသည့်နိုင်ငံများ၊ ပညာရေးကဏ္ဍတွင် အလေးထား၍ ရင်းနှီးမြှုပ်နှံကြသည့်နိုင်ငံများ ဖြစ်ကြသည်။ နိုင်ငံသားများ ပညာရည်မြင့်မားခြင်းအားဖြင့် နိုင်ငံတည်ဆောက်ရေးတွင်ရော၊ နိုင်ငံရေးစနစ် တည်ငြိမ်ရေးတွင်ပါ အကျိုးဖြစ်ထွန်းစေသည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများ ပညာရေးနိမ့်ကျခြင်း၊ ဆင်းရဲနွမ်းပါးမှုများပြားခြင်း၊ ပါတီစွဲပုဂ္ဂိုလ်စွဲ ကြီးမားခြင်းတို့က အန္တရာယ်ပင်ဖြစ်သည်။ ပညာရည်မြင့်မားသည့်နိုင်ငံများတွင် နိုင်ငံရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှု ဖြစ်ပေါ်ပါက နိုင်ငံရေးယဉ်ကျေးမှုဖြင့် ဖြေရှင်းကြစမြဲဖြစ်သော်လည်း ပညာရေးနိမ့်ကျသည့် နိုင်ငံများတွင်မူ ပဋိပက္ခများ ဖြစ်ပေါ်လာလေ့ရှိသည်ကို ကမ္ဘာ့သတင်းမြင်ကွင်းများတွင် တွေ့ရှိနိုင်သည်။ သို့ဖြစ်ရာ ပြည်သူအများ၏ လူမှုစီးပွားဘဝများ မြင့်မားလာအောင် မြှင့်တင်ပေးခြင်းနှင့်အတူ အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားတို့ အသိပညာ ဗဟုသုတ တိုးပွားမြင့်မားရေးတွင် ကျောင်းစာကြည့်တိုက်များ၊ ရပ်ရွာစာကြည့်တိုက်များ၊ မြို့နယ်၊ ခရိုင်စာကြည့်တိုက်များ စသည်တို့မှာ လူငယ်လူရွယ်များ၊ ပြည်သူများနှင့် အနီးဆုံးတွင်ရှိနေကြရာ ကျော်လွှားမသွားကြရန် အရေးကြီးသည်။ မိမိတို့၏ နေ့စဉ်လူမှုဘဝထဲမှ အချိန်အနည်းငယ်မျှကို စာပေဖတ်ရှုရာတွင် အသုံးချလိုက်ခြင်းအားဖြင့် အနာဂတ်ဘဝအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည်။ ယနေ့ခေတ်တွင် အွန်လိုင်းမီဒီယာများမှ စာပေဖတ်ရှုကြရာတွင် မိမိတို့အတွက် အကျိုးဖြစ်ထွန်းစေသည့် စာပေမျိုးကို ရွေးချယ်ဖတ်ရှုကြရန်နှင့် အချိန်ကုန်၊ အကျိုးမရှိ၊ အဆိပ်အတောက်ဖြစ်စေသည့် စာပေမျိုးကို ရှောင်ရှားကြရန်လည်း သတိပြုကြရမည်ဖြစ်သည်။

လူငယ်များ စာပေဖတ်ရှုမှုအလေ့အထသည် အမိ၊ အဖနှင့် မိသားစုမှလည်းကောင်း၊ ကျောင်းစာကြည့်တိုက်များမှ လည်းကောင်း စတင်ခြင်းဖြစ်ရာ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ခြင်းကို အလေးဂရုပြုကြရန်၊ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများ စာကြည့်တိုက်ကို စိတ်ပါဝင်စားနေစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများကဲ့သို့သော လှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းမှတစ်ဆင့် မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် မီးရှူးတန်ဆောင် အလင်းရောင်သဖွယ် အမှောင်ကိုခွင်း၍ လမ်းမှန်ကိုပြနိုင်မည်ဖြစ်သည့်အလျောက် လူတိုင်း စာဖတ်ကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။




## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

## တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

## မက်မန်းမြို့နယ်၌ အလင်းရောင်စာကြည့်တိုက်အတွက် SKY NET ပေးအပ်လှူဒါန်း

**မက်မန်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်းကျေးရွာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သည့် အလင်းရောင် ကျေးရွာစာကြည့်တိုက်အတွက် SKY NET ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက SKY NET ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ လှူဒါန်းသည့် SKY NET စက်တစ်စုံကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းလင်းအောင်နှင့် ဌာနဆိုင်ရာများက ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂျောလေနှင့် စာကြည့်တိုက်မှူးထံ ပေးအပ်သည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း စာပေလေ့လာ ဖတ်ရှုနေသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး စာပေများဖတ်ရှုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းနှင့် စာပေဗဟုသုတများ တိုးပွားလာစေရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ အလင်းရောင် စာကြည့်တိုက်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၅၀ ဖြင့် နိုဝင်ဘာ ၂၀ ရက်က ဆောက်လုပ်ပြီးစီးခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **အေဇက်ထွန်း(မက်မန်း)**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၁၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယက ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းဝင်ဆက်ဆံရေးသည် ရှေးရာစုနှစ်များစွာကတည်းက တည်ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့တွင် နက်ရှိုင်းစွာအခြေခံလျက် ကဏ္ဍပေါင်းစုံနှင့် ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးတို့ဖြင့် သံတမန်ဆက်ဆံရေးအား ဆယ်စုနှစ် ခုနစ်ခုကျော် တည်ဆောက်ထားရှိပါသည်။ မိမိတို့၏ နီးကပ်သော ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအကြား ခိုင်မာသော ထိတွေ့ဆက်ဆံမှုတို့ကြောင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများအနေဖြင့် များစွာအကျိုးခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ကို မိမိတို့က ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများ ခိုင်မာစေရန်အတွက် အဆွေတော်နှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းပြီး သာယာဝပြောမှုများပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေ ထံသို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်တည်တံ့လျက်ရှိသည့် ဗုဒ္ဓဘာသာအမွေအနှစ်၊ နက်ရှိုင်းသော ယဉ်ကျေးမှုဖလှယ်သည့်သမိုင်းကြောင်းနှင့် ခိုင်မာသော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်ကျော်ရှိလာပြီဖြစ်ရာ မိမိတို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ဆက်ဆံရေးသည် ကုလသမဂ္ဂ၊ ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)နှင့် အာဆီယံဒေသတွင်းဖိုရမ် (အေအာရ်အက်ဖ်)တို့တွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများက ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ကျန်းမာ၍ ကောင်းကျိုးများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

❖ *ရွှေဖုံးမှ*

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန်အတွက် ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကုလားပဲသီးနှံ ၄၂၄၇၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားနပ်ရိက္ခာ ဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ကုလားပဲသီးနှံ ၂၁၈၄၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့အထိ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧက ထက်ကျော်လွန်အောင် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် ကုလားပဲသီးနှံ စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ လက်ရှိမှာ စိုက်ပျိုးပြီးစီးတဲ့ ကုလားပဲစိုက်ခင်းတွေကို သီးနှံအထွက်နှုန်း ကောင်းမွန်အောင် တောင်သူတွေက ကြိုးပမ်းလုပ်ကိုင်နေကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေကလည်း ပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေးနည်းလမ်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၅ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး




**ပညာမြင့်မှ လူမျိုးတင့်မည်**

# အခြေခံမဲစာရင်းတွင်ပါဝင်ရမည့် လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်(CVLMS) အတွင်း ထည့်သွင်းပြုစုထားပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့် လူဦးရေစာရင်းများ မြေပြင်စိစစ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲအတွက် အဘက်ဘက်မှ အသင့်ဖြစ်နေစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင် စာရင်းများ စီမံခန့်ခွဲမှုစနစ် (CVLMS) အတွင်း ထည့်သွင်းပြုစုထားပြီး ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းပြုစုရာတွင် မဲရုံအလိုက်ပြုစုရမည် ဖြစ်ပါကြောင်း၊ မဲရုံအလိုက်မဲစာရင်းများ ပြုစုရာ၌ မဲရုံတွင် မဲပေးရမည့်နယ်မြေ သတ်မှတ်ချက်အတိုင်း ပြုစုရပါကြောင်း၊ နယ်မြေသတ်မှတ်သည့် အခါတွင်လည်း မဲဆန္ဒရှင်များ၏ နေရပ်လိပ်စာအပေါ် အခြေခံပြီး ခွဲဝေသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နယ်မြေသတ်မှတ်ချက်တွင် ပါဝင်သည့် အိမ်ထောင်စုအားလုံးသည် အစီအစဉ်တကျပါဝင်ရန် လိုအပ်ပါကြောင်း၊ အစီအစဉ်တကျ ပါဝင်ရန် အတွက် အိမ်ထောင်စုအမှတ်စဉ်များ လိုအပ်ပါကြောင်း၊ အိမ်ထောင်စုအမှတ်စဉ်များသည် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ အုပ်စုအတွင်းရှိ အိမ်အမှတ်၊ လမ်း၊ နယ်မြေ/အပိုင်း/ရွာခွဲများအလိုက် အစီအစဉ်တကျဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စုအမှတ်စဉ်များကို နေရပ်လိပ်စာအစဉ်အတိုင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ဖြည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လူဦးရေစာရင်းများကို မြေပြင်စိစစ်အတည်ပြုနိုင်ရေး စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ တောင်းခံသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စိစစ်အတည်ပြုနိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးလမ်းညွှန်မှုပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အခြေခံလူဦးရေစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အီလက်ထရောနစ် မှတ်ပုံတင်ရေးဦးစီး ဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များအပေါ် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်မဲရုံအလိုက် မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အိမ်ထောင်စုအမှတ်စဉ်များ သတ်မှတ်ဖြည့်သွင်းနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများမှ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲ အရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ ဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ထန်းတပင် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲတွင် မြို့နယ်ပြည်သူ့ဆေးရုံ လူနာစောင့်များ နားနေဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်နှင့်အနီးအနားရှိ အသက် (၄၀)နှင့်အထက် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူများ၊ နာတာရှည်ရောဂါ ဝေဒနာရှင်များ စိတ်အေးချမ်းသာစွာ ကျန်းမာရေးစစ်ဆေးမှုများခံယူနိုင်ရန် စမ်းသပ်စက်ကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများခံယူနိုင်စေရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို မြို့နယ်ကျန်းမာရေးစစ်ဆေးရေးအဖွဲ့က စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ အစည်းအဝေးကို (၁/၂၀၂၄) ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် ခရီးသွားရာသီကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပခြင်းဖြစ်ကြောင်း။

### ခရီးသွားပိုမိုလာရောက်ရေး အလေးထားဆောင်ရွက်

ကမ္ဘာ့ဒေသ အသီးသီးတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာစေရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ visa ဖြေလျှော့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းမှု၊ ဈေးကွက်မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်များ ဖော်ထုတ်မှု၊ events များ လက်ခံကျင်းပမှု စသည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်လာကြသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့်နည်းစနစ်များ၊ ဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများအနေဖြင့် ခရီးသွားလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှုနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ ဒေသထွက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့် လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်များသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်ကို ခရီးသွားများ အချိန်တိုတိုအတွင်း ထိထိရောက်ရောက်သိရှိအောင် အဓိကထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ထူးခြားသည့် ခရီးသွားထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့် ကမ္ဘာ့ခရီးသွားအသိုက်အဝန်းက သိရှိနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံး ဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

### ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများက ဆရာတော်ကြီးများအား အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ သံဃာရာမကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်ညို ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ မကွေး မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ မကွေးမြို့ သံဃာရာမစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစိန္တာသာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဥတ္တမ၊ မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် မကွေးမြို့ မဟာဝိသုတာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလတို့ တက်ရောက်ချီးမြှင့်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မကွေးမြို့ သံဃာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစိန္တာသာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွား သရဇ္ဈာယ်မှုသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကားလျှောက်ထား သည်။

ယင်းနောက် မကွေးမြို့ သံဃာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစိန္တာသာရ၊ မကွေးမြို့ မဟာဓမ္မိကာရာမတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ တောင်တွင်းကြီးမြို့ ငှက်ပစ်တောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတတို့က ဩဝါဒစကားမိန့်ကြားကြသည်။

ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုအစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဒေသတွင်း အသားကဏ္ဍတိုးချဲ့မွေးမြူနိုင်ရေးနှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် ယမန်နေ့က ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင် မွေးမြူရေးဇုန် (၃)ရှိ SUNJIN Myanmar Co.,Ltd. ၏ အအေးခန်းမွေးမြူရေးစနစ် (Cooling System) မျိုးဝက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုရာ ခြံတာဝန်ခံက မွေးမြူရေးခြံအတွင်း မျိုးဝက်မ အကောင် ၁၂၀၀၊ မျိုးဝက်သိုး အကောင် ၂၀ မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် သားပေါက် ကောင်ရေ ၃၀၀၀၀ ကျော် ရောင်းတမ်းဝင်အဖြစ် ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။




**လိုအပ်သည်များ ဆွေးနွေးမှာကြား**

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင် ဦးလီဟိုက်ချိန်၏ ဥစားကြက်မွေးမြူရေးခြံ ရှစ်ခြံတွင် ဥစားကြက်ကောင်ရေ တစ်သိန်းကို အအေးပေးအလုံပိတ်စနစ် အစာကျွေးမှုစနစ် (Evaporative Cooling System) ဖြင့် မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၂၈ သန်းကျော် ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ FeedMAS Livestock Co., Ltd. ၏ ဥစားကြက်မွေးမြူရေးခြံ(ဝါးနက်ချောင်း)တွင် အအေးပေး အလုံပိတ်စနစ် (Evaporative Cooling System) ဖြင့် LOHMANN BROWNY ဥစားကြက် ကောင်ရေ ၈၆၈၉၃ ကောင် မွေးမြူနေမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၁၂ ဒသမ ၆ သန်း ထုတ်လုပ် ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် အုပ်ချုပ်မှုရုံး၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေမှု၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် မွေးမြူရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါင်းတည်၌ မတ်ပဲစိုက်ပျိုးမှု လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးဖြစ်ထွန်း

**ပေါင်းတည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်အထိ မတ်ပဲ ၄၂၀၇၈ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ သိရသည်။

ယခုနှစ် မြို့နယ်အတွင်း၌ မတ်ပဲ ၄၀၂၀၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ကြကြောင်း သိရပြီး တောင်သူများ၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားမှုများနှင့်အညီ စိုက်စွမ်းအားမြှင့်၍ မတ်ပဲ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခုအချိန်တွင် လျာထားချက်ထက်ကျော်လွန်၍ ၄၂၀၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မတ်ပဲစိုက် တောင်သူများအနေဖြင့် မိမိတို့စိုက်ခင်းများမှ ပဲအထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်အတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အဆိုပါ မတ်ပဲစိုက်ပျိုးခင်းများကို ကွင်းဆင်းကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# Naypyitaw State Polytechnic University ၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် Naypyitaw State Polytechnic University ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ကြိုဆိုပွဲတွင် Naypyitaw State Polytechnic University ဒုတိယပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ၊ ဗိသုကာ၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းသား ကျောင်းသူများ၏ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် Naypyitaw State Polytechnic University ကျောင်းသား ကျောင်းသူများက "သကြာ်န်မိုး" တေးသီချင်းဖြင့် ကပြဖျော်ဖြေကာ ကြိုဆိုပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ **နန်းရွှေရတီ (ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**
ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက Virtual စနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၏ အဆိုပြုတင်ပြလာမှုကို အတည်ပြုပြီးပါက ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်အလိုက် စတင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များကလည်း ဒေသတွင်း MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန် အတွက် ဒေသထွက်ကုန်များကို ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင် ပြသရောင်းချခြင်းသည် အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကျင်းပရေးဦးစီးကော်မတီ၏ အတည်ပြုဆုံးဖြတ်ရန် ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုမည်ဖြစ်သောကြောင့် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်းနှင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုပေးရန် ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများ ဖွဲ့စည်းမှု၊ ဆပ်ကော်မတီအလိုက် အဆိုပြုဖွဲ့စည်းမိန့်နှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များ၊ ပြခန်းများ နေရာချထားမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြခန်းများနှင့် ရိုးရာစားသောက်ခန်းများ ပါဝင်ပြသရောင်းချမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**
ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E.Mr.Maxim RYZHEN-KOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဧည့်သည်တော်နိုင်ငံခြားရေး ဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ ရန်ကုန်မြို့ အခြေစိုက် ဘယ်လာရုစ် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အိမ်မဲမြို့၌ ဆီထွက်သီးနှံနေကြာ စံပြစိုက်ခင်းရှက်ဖျန်း မြေဩဇာပက်ဖျန်း

**အိမ်မဲ ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် စားသုံးဆီဖူလုံစေရန် ရည်ရွယ်ပြီး တကောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်း ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေး အဖွဲ့ဝင်များက တကောကျေးရွာ တောင်သူ ဦးကျော်ဝင်းအောင်၏ ကွင်း၊ ဦးပိုင် (၂၀၈၊ ၄၂/၁)တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် စိုက်ပျိုးထားသော (Super Sun -41) ဆီထွက်သီးနှံ နေကြာပင်များကို ရွက်ဖျန်း မြေဩဇာ ပက်ဖျန်းနေမှုအား ကြည့်ရှု အားပေးသည်။

တကောကျေးရွာမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်းကို အောင်မြင် ဖြစ်ထွန်းစေရေး အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

## သရက်မြို့နယ်၌ သမဝါယမအသင်းစု လီမိတက်များ၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**သရက် ဇန်နဝါရီ ၈**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ချမ်းမြေ့ငွေကြေး သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်များ အတွက် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က ရွှေဘုံသာ ခန်းမနှင့် မြို့နယ်သမဝါယမ အသင်းစုလီမိတက်၏ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ် သမဝါယမ အသင်းစုခန်းမ တို့၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး တွင် သဘာပတိအသင်းစု ဥက္ကဋ္ဌ များက အမှာစကားပြောကြား ကြပြီး မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်း၊ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးစံကျော်ဝင်းတို့က အမှာစကား ပြောကြားကြပြီး အသင်းစု များ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆွေးနွေးကြကြောင်း သိရ သည်။

ဇော်ထက်(သရက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အလွတ်တန်း (ကျား/မ) မီနီမာရသွန်အပြေးပြိုင်ပွဲ တက်ရောက်အားပေးချီးမြှင့်

**မြစ်ကြီးနား ဇန်နဝါရီ ၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်း (ကျား/မ) မီနီမာရသွန်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၆ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းရှေ့ သခင်နက်ဖေလမ်းပေါ်၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ် ဝန်ကြီးများနှင့် ပြိုင်ပွဲဝင် အားကစားသမား ၈၀၀ ကျော် တက်ရောက်ကြပြီး ပြည်နယ် ဝန်ကြီးချုပ်က ပြိုင်ပွဲစတင်နိုင်ရန် သေနတ်ပစ်ဖောက် တာလွှတ်ပေးရာ ပြိုင်ပွဲဝင်များသည် သခင်နက်ဖေလမ်းအတိုင်း မီးသတ်မီးပွိုင့်မှ တစ်ဆင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အောင်ဇေရန်အောင်ဘုရားအထိ အပြေးပြိုင်ကြရာ ပြိုင်ပွဲဝင်များအား ရပ်ကွက်များအလိုက် ကြိုဆိုအားပေးခြင်း၊ ရေနှင့် အချိုရည်များ တိုက်ကျွေးပေးခဲ့ကြပြီး ပြည်နယ်အားကစားကွင်းအတွင်း ပန်းဝင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အပြေးပြိုင်ပွဲတွင် အဆင့်(၁)မှ အဆင့် (၂၀) အထိ ပန်းဝင်ကြသည့် ပြိုင်ပွဲဝင်အမျိုးသားများအား ဂုဏ်ပြုဆုငွေကိုလည်းကောင်း(**အပေါ်ပုံ**)၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ပြိုင်ပွဲတွင် အဆင့်(၁) မှ အဆင့် (၂၀) အထိ ပန်းဝင်ကြသည့် ပြိုင်ပွဲဝင်အမျိုးသမီးများအား ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက အခမ်းအနားများ ကျင်းပပြုလုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်ကြသည့် ဆပ်ကော်မတီအလိုက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဝန်းသိုမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

**ဝန်းသို ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို) မြတ်ဆရာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က မိမိတို့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံပညာထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရေးတို့အတွက် ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်ဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ကြပြီး ဝန်းသိုမြို့နယ် အခြေခံပညာကျောင်းများမှ ဆရာမများက ထာဝရမြန်မာ သီချင်းဖြင့်လည်းကောင်း၊ အထက(ဝန်းသို)မှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာ သီချင်းဖြင့်လည်းကောင်း ကပြ၊ သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့နယ်၌ မင်းဘူးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ ကွင်းဆင်းဆေးကုသပေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျေးရွာအတွင်းရှိ အထွေထွေရောဂါဝေဒနာ လူနာများအား ရောဂါဝေဒနာခံစားရမှု သက်သာပျောက်ကင်းစေရန်အတွက် မင်းဘူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အခမဲ့ကွင်းဆင်းဆေးကုသပေးသည်။

မင်းဘူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးမြဝင်း ဦးဆောင်သော သမားတော်(အထွေထွေ)၊ ခွဲစိတ်၊ သားဖွားနှင့် မီးယပ်၊ မျက်စိ၊ အရိုးအကြောရောဂါ၊ ကလေး၊ နား/နှာခေါင်း/ လည်ချောင်း/ ဦးခေါင်း၊ ဓာတ်မှန်အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ရောဂါဝေဒနာ ခံစားနေရသော လူနာများအား ဆေးကုသပေးခြင်းလုပ်ငန်းများနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်း လုပ်ငန်းများဆောင်ရွက်ပေးသည်။

အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသပေးနေမှုကို မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံအုပ်ကြီးနှင့်အဖွဲ့ဝင်များ၊ အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။ ထို့နောက် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီက ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# ပန်းတောင်းမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီက အ.မ.က သစ်ဆိမ့်ပင်ကျောင်းနှင့် အ.မ.က (လွှန်) ညောင်ပင်သာကျောင်းသို့ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲ လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ဗလငါးတန်နှင့် ပြည့်စုံသော လူတော်၊ လူကောင်းများ ပေါ်ထွန်းလာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားကြရန်၊ တိုးတက်လာသော ခေတ်ရေစီးကြောင်းနှင့်အညီ အင်တာနက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အင်တာနက်အသုံးပြုမှု၏ ဆိုးကျိုးအန္တရာယ်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ရုပ်ပြပုံပြင်များ ပြောခြင်း၊ ကိုယ်ကာယလှုပ်ရှားမှု လုပ်ငန်းစဉ်များ လိုက်ပါ ဆောင်ရွက်စေခြင်းများ ပြုလုပ်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅) ကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အမှတ် ၃၉၂/၃၉၆ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** ကောင်စီဒုတိယဥက္ကဋ္ဌ (၁) နှင့် ဒုတိယဥက္ကဋ္ဌ (၂) တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်များကို ကောင်စီဝင်များအားလုံး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

အစည်းအဝေး မစတင်မီ သက်ကြီးသတင်းစာ ပညာရှင်ကြီးများ ဂါရဝပြုချီးမြှင့်ခြင်း အစီအစဉ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေး ဝန်ကြီးဌာနက ငွေကျပ် ၂၄ သိန်း၊ ဦးကျော်ညွန့်ရည်- ဒေါ်ဝါဝါကျော် မိသားစုက ငွေကျပ် ၁၂ သိန်းနှင့် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းရာ သတင်းမီဒီယာ ဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံသည်။ သတင်းစာပညာရှင်ကြီးများအား ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကောင်စီဝင်များက အိမ်တိုင်ရာရောက် ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၈**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ၊ ပထမဆုရ **"စောပုလဲမယ်"** ရေးသားသည့် **"ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ"**စာအုပ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင် များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## မိုင်းယောင်းမြို့၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဆွေးနွေး

**မိုင်းယောင်း ဇန်နဝါရီ ၈**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က လူကုန်ကူးမှု ၁၀၀ လျှင် ပြည်ပသို့ လူကုန်ကူးမှု ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး ပြည်တွင်း လူကုန်ကူးမှု ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း၊ လူကုန်ကူးခံရသူထက်ဝက်မှာ အမျိုးသမီးနှင့် ကလေးများဖြစ်ပြီး လူကုန်ကူးမှုကို ခေတ်သစ်ကျေးကျွန်ပြုမှုအဖြစ် ရှုမြင်ကြရာ ဒုစရိုက်သမားတို့အဖို့ လူကုန်ကူးမှုက အကျိုးအမြတ် အများဆုံးဖြစ်နေကာ ကျူးလွန်နေကြဦးမည်သာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက မိမိပတ်ဝန်းကျင်၌ တွေ့မြင်ကြားသိရပါက သက်ဆိုင်ရာသို့ လျင်မြန်စွာ သတင်းပို့ရေးအတွက်ကိုဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## မအူပင်ခရိုင်၌ ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**မအူပင် ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း ဖွဲ့စည်းထားရှိသည့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်းက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် ကြိုးချည်နည်းများ၊ ကြိုးကူးနည်းစနစ်များ၊ လူနာသယ်ဆောင်နည်းများ၊ အမှောင်ထုအတွင်း လှုပ်ရှားသွားလာခြင်း နည်းစနစ်များ၊ ရေပြင်အသက်ကယ်နည်းစနစ်များနှင့် Ladder Crain Method ခေတ်မီရှာဖွေကယ်ဆယ်ရေး ပစ္စည်းများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်း နည်းစနစ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မအူပင်ခရိုင်အတွင်းရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များ၌လည်း သင်တန်းသား ၃၅ ဦးစီဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ရမည်းသင်း ဇန်နဝါရီ ၈**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ရမည်းသင်းခရိုင်/ မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို သစ်တောဦးစီးဌာနရုံး ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက မီးလောင်မှုအကြောင်းရင်း၊ မီးလောင်မှုအမျိုးအစားများ၊ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုနည်း၊ မီးသတ်ယာဉ်တွင်ပါဝင်သော ပစ္စည်းများအားရှင်းလင်းကာ ဆီမီးငြိမ်းသတ်ခြင်း၊ ဂက်စ်မီးငြိမ်းသတ်နည်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးဦးစီး၍ သန္ဓေတပ်ဖွဲ့ဝင်တို့က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသပြီး ခရိုင်/မြို့နယ်သစ်တောဝန်ထမ်းများက မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခဲ့ကြသည်။ ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များ၊ မြို့မဈေးလမ်းဆုံနှင့် လူစည်ကားရာနေရာတို့တွင် ခရီးသွားလာနေသူများ၊ ဒေသခံပြည်သူများအား မီးသတ်ဦးစီးဌာနမှ ထုတ်ဝေထားသည့် မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားဖို့ အလေးထားဆောင်ရွက်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ပညာရေးသည် လူတစ်ဦး၏ဘဝ တိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါသည်။ ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပုံမှန်ပညာရေးကို စဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့် အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည်လှည့်ဖြားခံရမှုအလားအလာ နည်းပါးလျက်ရှိသည်။

ထို့ပြင် လက်ရုံးရည် နှလုံးရည် ပြည့်ဝသော လူငယ်များသည် မိမိအကျိုးအပြင် အများအကျိုးကိုလည်း သယ်ပိုးလိုသောဆန္ဒရှိနေကြသည်။ ပညာဆိုသည်မှာ လေ့လာသင်ယူအားထုတ်နိုင်မှုအပေါ် မူတည်၍ တတ်သိနားလည်မှု၊ ရပ်တည်နိုင်မှုတို့မှာလည်း ကွဲပြားသွားကြသည်။ ငယ်စဉ်ကတည်းက အတတ် ပညာတစ်ခုခုကို တစိုက်မတ်မတ်လေ့လာသင်ယူခဲ့သူများသည် အသက်အရွယ်ရလာသည့်အချိန်တွင် စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ပေ။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် တန်ဖိုးရှိသောလူငယ်ဘဝကို ကျောင်းစာအပါအဝင် အတတ်ပညာတစ်ခုခုသင်ယူရင်း ဖြတ်သန်းသွားသင့်သည်။

### ပညာရေးစုံညီပွဲတော်များကျင်းပ

၂၀၂၄ -၂၀၂၅ ပညာရေးစုံညီပွဲတော်များကို ဇန်နဝါရီ ၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိကျောင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးပြက္ခဒိန်၌ နှစ်စဉ် ဇန်နဝါရီ ၃ ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ်သတ်မှတ်ပြီး ဆုချီးမြှင့်ပွဲ၊ စွမ်းရည်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို တစ်နိုင်ငံလုံး ကျင်းပဆောင်ရွက်ခဲ့သည်။ ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်မှုများကို ထုတ်ဖော်ဂုဏ်ပြုနိုင်ရေးအတွက် ထိုပွဲတော်ကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပညာရေးစုံညီပွဲတော်သည် ပညာရေးမှတ်တိုင်တစ်ခုဖြစ်ပြီး ပညာရေးနှင့် သက်ဆိုင်သူအားလုံး၏ ပွဲတော်ဖြစ်သည်။

### ခွန်အားဖြစ်စေ

အထူးသဖြင့် ပညာရေးစုံညီပွဲတော်များ ကျင်းပလာသဖြင့် ဘာသာရပ်အလိုက် ထူးချွန်ဆုများနှင့်နေ့ထူးနေ့မြတ် အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ စသည့် ကာယ၊ ဉာဏ ထူးချွန်ဆုတံဆိပ်များလည်း ချီးမြှင့်ခဲ့သည်။ စင်စစ်အားဖြင့် ထိုဆုတံဆိပ်များသည် မျိုးဆက်သစ်လူငယ်များ ပညာသင်ယူရာတွင် ခွန်အားဖြစ်စေသည်။




အလုံမြို့နယ်၌ ဇန်နဝါရီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးအဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

အမှန်တော့ ဆရာ ဆရာမများသည် ကျောင်းသားလူငယ်များကို ကျောင်းသင်ဘာသာရပ်အပြင် ဘဝတွင်ကြုံတွေ့ရမည့် ပြောဆိုဆက်သွယ်မှု၊ စီမံခန့်ခွဲမှု၊ လူမှုရေးတာဝန်သိတတ် ကျေပွန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှု၊ မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်မှုစသည့်တို့ကို ကျောင်းတွင်းလုပ်ငန်းများနှင့် လေ့ကျင့်ပေးသွားရန်လည်း လိုအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် အစိုးရပိုင်းက အခမဲ့ပညာရေးစနစ်များ ဖော်ဆောင်ပေးနေသလို မိဘအုပ်ထိန်းသူများကလည်း သား၊သမီးများ စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များ၏ ပညာတတ်မြောက်မှုသည် ထိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့အတွက် များစွာအခရာကျလျက်ရှိသည်။

အထူးသဖြင့် ပုံမှန်ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းသည်လူတစ်ဦး၏ ဘဝတိုးတက်ရေးအတွက် များစွာအခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသည်လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

### ပင်ပန်းကြမ်းတမ်းကြ

အကြောင်းအမျိုးမျိုးကြောင့် ပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရရှိသူအများစုသည် အလုပ်ကြမ်းလုပ်ဆောင်ရင်း မိသားစုစားဝတ်နေရေးကို ဖြေရှင်းရလေ့ရှိသည်။ တစ်နေ့လုပ်တစ်နေ့စားသမားများသည် ဝင်ငွေအပိုစုဆောင်းနိုင်ခြင်းမရှိသည့်အတွက် အရေးပေါ်ကျန်းမာရေးနှင့် လူမှုရေးကိစ္စများပေါ်လာလျှင် အဆင်ပြေချောမွေ့စွာဖြေရှင်းနိုင်မည်မဟုတ်ချေ။ ထို့ပြင် သား၊သမီးများ၏ အဆင့်မြင့်ပညာရေးအတွက်လည်း ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ချေ။ အထူးသဖြင့် ဘဝနေဝင်ချိန်ရောက်ရှိလျှင် ငွေကြေးချို့တဲ့စွာဖြင့် ဖြတ်သန်းရသောကြောင့် နေ့စဉ်ဘဝသည် ပင်ပန်းကြမ်းတမ်း လွန်းလှပေသည်။

### အလေးထားဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာမူတည်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ပညာရည် မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများဆောင်ရွက်လျက် ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာသော မျိုးဆက်သစ်ရင်သွေးငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေးမြောက်မြားစွာကျခံသုံးစွဲပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် လူငယ်တိုင်းပညာသင်ယူခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မျိုးဆက်သစ်လူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင် အခြေအနေကောင်းများဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြု ကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့် နေရာများတွင်သာရှိသင့်ပါသည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ထိုသို့မျိုးဆက်သစ်များ ပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် သင့်တော်သည့် သင်ရိုးညွှန်းတမ်းများ၊ စနစ်တကျသင်ကြားပြသ ပို့ချပေးနိုင်မှုနှင့် စာမေးပွဲစနစ်များ ရှိနေရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များ၏ တတ်မြောက်မှုအရည်အချင်းကို စမ်းသပ်စစ်ဆေးနိုင်ရန် အဆင့်မီသောမေးခွန်းများနှင့် ပုံမှန်စစ်ဆေးမှုများ မပျက်မကွက် ပြုလုပ်ပေးသွားရန်လည်း လိုအပ်ပေသည်။ *စာမျက်နှာ ၁၁ သို့*

- ❀ **အထူးသဖြင့် ပညာရေးစုံညီပွဲတော်များ ကျင်းပလာသဖြင့် ဘာသာရပ်အလိုက် ထူးချွန်ဆုများနှင့် နေ့ထူးနေ့မြတ် အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ စသည့် ကာယ၊ ဉာဏ ထူးချွန်ဆုတံဆိပ်များလည်း ချီးမြှင့်ခဲ့သည်။ စင်စစ်အားဖြင့် ထိုဆုတံဆိပ်များသည် မျိုးဆက်သစ်လူငယ်များ ပညာသင်ယူရာတွင် ခွန်အားဖြစ်စေ**
- ❀ **နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာ မူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် အစိုးရပိုင်းက အခမဲ့ပညာရေးစနစ်များ ဖော်ဆောင်ပေးနေသလို မိဘအုပ်ထိန်းသူများကလည်း သား၊သမီးများ စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန်လိုအပ်**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူရည်ချွန်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူရည်ချွန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ရှင်း-၃ ကျေးရွာရှိ အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး စာကြည့်တိုက်အဆောက်အအုံသစ် မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းသင်းက လက်ခံရယူသည်။



ဆက်လက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ ရှမ်းပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးစိုးစိုးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှငွေးတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ လူမှုရေးရာဝန်ကြီးက လက်ခံယူပြီး ဒေသခံများကိုယ်စား ဆရာမကြီး ဒေါ်ခင်မျိုးထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် လူမှုရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်သည် အလျားပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၀ ပေရှိပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီက ခွင့်ပြုချထားပေးငွေ ကျပ်သိန်း ၁၅၀ နှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## ကလောမြို့နယ် ဒွန်းရှာမကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ကလော ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒွန်းရှာမကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အရှည် ၁ မိုင် ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၄ သန်းကို အသုံးပြုကာ ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးပြီ ဖြစ်သည်။

**မောင်ခိုင်**



## မော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**မော်ဘီ ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသိုးကျေးရွာရှိ ကျေးလက်နေပြည်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးစိုးကျော်သူက လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရေသိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေသိုးကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးမည့် အသင်းသား အသင်းသူ ၁၆ ဦးအား လည်ပတ်ရန်ပုံငွေကျပ် ၁၀၄ သိန်းကို တောင်သူတစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

## မင်းဘူးမြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး



**မင်းဘူး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ စည်ပင်သာယာမြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မင်းဘူးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၇ ရက်တွင် စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မင်းဘူး မြို့မဈေးကြီးအတွင်း ဈေးရောင်း၊ ဈေးဝယ်များအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံ၊ မီးချိတ်၊ မီးကပ်၊ လှေကား၊ မီးသတ်ဆေးဘူးများ၊ အပေါ့စားမီးငြိမ်းသတ်စက်များနှင့် မီးသတ်ရေပိုက်လိုင်းများ အသုံးပြုနိုင်ရန်စစ်ဆေးခြင်း၊ မီးသတ်ရေလှောင်ကန်များ၊ အမြင့်တင်ရေစင်နှင့် ရေစုကန်များအတွင်း အရေးပေါ်ရေများ သိုလှောင်စုဆောင်းထားရှိရေးတို့အပြင် ဈေးလုံခြုံရေးမီးလိုင်းများနှင့် မီတာများကို စနစ်တကျ သွယ်တန်းတပ်ဆင်ထားရှိရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

**မောင်မောင်(မင်းဘူး)**

## အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**မအူပင် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က အမှတ်(၉)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူးကိုယ်စား ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ကိုမင်းက မီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် အခြေခံကြိုးချည်နည်း၊ အသက်ကယ်နည်းစနစ်၊ အသက်ရှူကိရိယာအသုံးပြုနည်းနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ အသုံးပြုနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၆ရက်မှ ၃၁ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

*စာမျက်နှာ ၁၀ မှ*

### ပညာရည် မြင့်မားဖို့ အလေးထားကြစို့

စင်စစ်အားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ် သုံးစွဲနိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်ပေသည်။ အလေးထားသည်ဆိုသည်မှာ ထိုက်သင့်သည့်နေရာပေးခြင်း၊ ပြောဆိုဆွေးနွေးခွင့်ပြုခြင်း၊ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းတို့ပင်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် တိုးတက်အောင်မြင်သောဘဝ ပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ်ကြိုးပမ်းသွားရန် လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် လူမှုကွန်ရက် အလွန်အကျွံအသုံးပြုခြင်း၊ ဂိမ်းကစားခြင်းနှင့် အပျော်အပါးလိုက်စားခြင်းတို့ကို တတ်နိုင်သမျှ လျှော့ချသွားရန် လိုအပ်သည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များပိတ်ထားသည့်အချိန်၌ပင်လျှင် အင်္ဂလိပ်စာ၊ ကွန်ပျူတာအပါအဝင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ပေသည်။ ပြိုင်ဆိုင်မှုပြင်းထန်သော ခေတ်ကြီးတွင် လေ့လာသင်ယူမှု ရပ်တန့်လိုက်သောသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့ရမည်ဖြစ်သည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိ သား၊ သမီးများ ပညာထူးချွန်ကာ လူတော်လူကောင်းများဖြစ်လာရေးအတွက် စနစ်တကျ မြေတောင်မြှောက်ပေးရန် လိုအပ်သည်။ သား၊ သမီးများအား ပြုစုပျိုးထောင်ရာတွင် ငွေအား၊ လူအား စိုက်ထုတ်နိုင်မှသာလျှင် အမှန်တကယ် အောင်မြင်မှုရရှိနိုင်ပေသည်။ မိဘများကိုယ်တိုင်က ဝီရိယ စိုက်ထုတ်ခြင်းမရှိဘဲ သား၊ သမီးကို ထူးချွန်အောင်တွန်းအားပေးနေမည်ဆိုလျှင်လည်း မျှော်မှန်းထားသလောက် ဖြစ်လာမည်မဟုတ်ချေ။ မျိုးဆက်သစ်များ ပညာထူးချွန်ရေးအတွက် ကျွမ်းကျင်သော ဆရာ ဆရာမများ လိုအပ်သလို သင်ထောက်ကူပစ္စည်းများလည်း လိုအပ်သည်။ သား၊ သမီးများကို မိမိထက် ထူးချွန်အောင် ပြုစုပျိုးထောင်ပေးနိုင်မှသာလျှင် မိဘဝတ္တရား ကျေပွန်မည်ဖြစ်သည်။ တချို့မိဘများသည် ကိုယ်တိုင်ပညာတတ်ကြီးများဖြစ်သော်လည်း မိမိ သား၊ သမီးများကိုမူ ဖြစ်သလိုပစ်ထားလေ့ရှိကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ ပညာထူးချွန်ပြီး လူတော်လူကောင်းများဖြစ်လာရေးအတွက် ဝိုင်းဝန်းပြုစုမြေတောင်မြှောက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုလိုပါသည်။ ။

## ကျောက်ဆည်မြို့နယ်၌ ဝှေးသီးသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် မြေဆီမြေလွှာကောင်းမွန်သော ဒေသဖြစ်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံ စိုက်ပျိုးကြကာ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် ဝှေးပင်များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဝှေးပင်သည် မြေအမျိုးအစားအမျိုးမျိုးတွင် ရှင်သန်ဖြစ်ထွန်းနိုင်ပြီး မိုးဦးကျကာလများတွင် စတင်စိုက်ပျိုးပါက အပင်များပိုမိုဖြစ်ထွန်း အောင်မြင်ကြောင်း၊ တစ်ဧကလျှင် အပင်ရေ ၅၀-၆၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုးအနေဖြင့် ခြောက်လဝှေးမျိုး၊ ပင်ကြီးဝှေးမျိုးနှင့် တစ်နှစ်ပတ်လုံးသီးသော ဝှေးမျိုးဟူ၍ရှိရာ နှစ်ရှည်စားသုံးစိုက်ပျိုးသော ပင်ကြီးဝှေးမျိုးကိုသာ စိုက်ပျိုးကြကြောင်း၊ ဝှေးပင်များကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် ဝှေးသီးများ စတင်ခူးဆွတ် ရောင်းချနိုင်ကြောင်း၊ မျိုးပင်၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဝှေးသီးသီးနှံသည် တစ်နှစ်လျှင် နှစ်ကြိမ်အသီးသီးပြီး တစ်ကြိမ်ခူးဆွတ်လျှင် တစ်ဧကလျှင် ၃၇-၄၀ တင်းခန့် ထွက်ရှိရာ တစ်နှစ်လျှင် စုစုပေါင်း ၇၅-၈၀ တင်းခန့် ထွက်ရှိကြောင်း၊ တစ်တင်းလျှင် လက်ကားဈေး ငွေကျပ် ၁၅၀၀၀ ခန့်ဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင် သွင်းအားစု ကုန်ကျစရိတ်များ နည်းပါးလာသည့်အတွက် အမြတ်ပိုမိုရရှိနိုင်ကြောင်း ဝှေးပင်စိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

**DOCA (မန္တလေး)**

## အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်၊ ဥယျာဉ်ရွာတော်၊ ညောင်ပင်သာ၊ မယ်ဇလီတော၊ ဇီးတောစသည့် ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပဲစင်းငုံသီးနှံများကို စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ပဲစင်းငုံသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို ဇူလိုင်လတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း၊ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်ခန့်စိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၂ တင်းခန့်ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့နှင့် ရန်ကုန်မြို့တို့သို့ ရောင်းချကြကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ကြောင်း သိရှိရသည်။

**DOCA (မကွေး)**

## မြစ်သားမြို့နယ်၌ မိုးကြက်သွန်နီများထွက်ပေါ်ပြီး ဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီ သီးနှံကို စိုက်ဧက ၂၇၉၀ ခန့် စိုက်ပျိုးထားရှိပြီး ကသဲကုန်းရွာ၊ ဆည်ရွာနှင့် လေးဆယ်ကုန်းရွာတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ကြက်သွန်နီသီးနှံကို ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးရာတွင် ပေါင်ခတ်၍ ရေသွင်းရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ကျော်ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၃၀၀၀ ကျော်ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူကြပြီး မြို့နယ်အတွင်း ရောင်းချမှုအပြင် ကျောက်ဆည်၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြဝတီမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ မိုးကြက်သွန်နီအနေဖြင့် ဒေသတွင်း စိုက်ပျိုးကနည်းပါးသော်လည်း သီးနှံထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ အကျိုးအမြတ် ပိုမိုရရှိကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

**DOCA (မန္တလေး)**

## မြစ်သားမြို့နယ်၌ ဆောင်းပဲကြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တောင်တောကုန်းရွာ၊ မြသုခ၊ ကံဆည်နှင့် ခင်လည်ကျေးရွာတို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆောင်းပဲကြီးများကို စိုက်ဧက ၂၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလ၌ စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ ပဲကြီးစိုက်ပျိုးရာတွင် ပေါင်စနစ်ဖြင့် စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ပဲကြီးတစ်ဧကလျှင် စုစုပေါင်း ငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲကြီးသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက တောင်သူများ အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

### ၈ - ၁ - ၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၃၆၅ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၄၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၉၅၀၀ | ၇၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၈၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၃၆၀၀ | ၁၅၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၄၀၀ | ၄၀၀၀ | ၁၅၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၂၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၅၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

# လော့စ်အိန်ဂျလိစ်မြို့ လူနေရပ်ကွက်များအထိ တောမီးပျံ့နှံ့လျက်ရှိ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၈**

လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးတွင် လောင်နေသည့် တောမီးသည် လူနေရပ်ကွက်များအထိ လျင်မြန်စွာ ပျံ့နှံ့သွားပြီး အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့သည်ဟု သိရသည်။

ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် မီးစတင်လောင်ခဲ့ပြီး တောင်များဆီမှ တိုက်ခတ်လာသည့် လေပြင်းများက တောမီးကို လျင်မြန်စွာ ကူးစက်ပျံ့နှံ့စေသည်။ ငါးနာရီအတွင်း စတုရန်းမီတာ ၅ ဒသမ ၁ သန်းခန့် မီးပျံ့နှံ့လောင်ကျွမ်းခဲ့သည်ဟု သိရသည်။

နေအိမ်များ မီးလောင်နေသည့် ဗီဒီယိုဖိုင်များကို ရုပ်သံမီဒီယာများက အထူးအစီအစဉ်အဖြစ် တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိသည်။ ဒေသခံပေါင်း ၃၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် မီးသတ်အာဏာပိုင်များက အမိန့်ထုတ်ထားသည်။

ဒေသခံများထွက်ပြေးရန် ကြိုးပမ်းကြသဖြင့် အနီးအနားရှိ လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာနေရာသည် ခရီးသွားများကိုဆွဲဆောင်ရာ ဆန်တာမော်နီကာမြို့နှင့် နီးကပ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ၏ လော့စ်အိန်ဂျလိစ် ဗျူရိုအဆောက်အအုံမှနေ၍ မီးခိုးငွေ့များနှင့် မီးတောက်များကို တွေ့မြင်နေရသည်။ လော့စ်အိန်ဂျလိစ်ဧရိယာတွင် ဇန်နဝါရီ ၉ ရက်အထိ လေပြင်းတိုက်ခတ်မည်ဟု သတိပေးထားသည့်အတွက် မီးသတ်သမားများက သတိပေးချက် ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**



# ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅၄ သန်းကျော် လာရောက်လည်ပတ်

## ယမန်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားများထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄၅ ဘီလီယံခန့် ရရှိခဲ့

**ဘန်ကောက် ဇန်နဝါရီ ၈**



ထိုင်းနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅၄ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၆ ဒသမ ၂၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံသို့ ဝင်ရောက်သည့် ကမ္ဘာလှည့်ခရီးသွားများအနက် တရုတ်နိုင်ငံက ၆ ဒသမ ၇၃ သန်းဖြင့် အများဆုံးဖြစ်ပြီး ယင်းနောက်တွင် မလေးရှားနိုင်ငံက ၄ ဒသမ ၉၅ သန်း၊ အိန္ဒိယနိုင်ငံက ၂ ဒသမ ၁၂ သန်းဖြင့် အများဆုံးဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစား ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံသည် ယမန်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားများထံမှ ဝင်ငွေဘတ် ၁ ဒသမ ၆၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄၅ ဘီလီယံခန့်) ရရှိခဲ့ပြီး ယမန်နှစ်ကထက် ၃၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

လတ်တလောတွင် တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့အပါအဝင် နိုင်ငံနှင့် နယ်မြေ ၉၃ ခုမှ ကမ္ဘာလှည့်ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံ၌ ရက်ပေါင်း ၆၀ အထိ နေထိုင်ခွင့်ကို ခွင့်ပြုပေးထားသည်။ ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၃၉ သန်းဝင်ရောက်ရန် ရည်မှန်းထားပြီး အဆိုပါ ကမ္ဘာလှည့်ခရီးသွားများထံမှ ဝင်ငွေ ဘတ် ၂ ဒသမ ၂၃ ထရီလီယံ (အမေရိကန် ဒေါ်လာ ၆၄ ဒသမ ၇၁ ဘီလီယံခန့်) ရရှိရေး ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ကမ္ဘာလှည့်ခရီးသွား ၃၉ ဒသမ ၉ သန်း လာရောက်လည်ပတ်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄၂ ဘီလီယံခန့်ရရှိခဲ့သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# လာအိုတွင် အအေးလှိုင်းဖြစ်မည်ဟု သတိပေးချက်ထုတ်ပြန်

**ဗီယင်ကျန်း ဇန်နဝါရီ ၈**

အအေးလှိုင်းများကြောင့် လာအိုနိုင်ငံအနှံ့အပြား၌ ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက်အထိ အပူချိန်ကျဆင်းနိုင်ပြီး အချို့ဒေသများတွင် အပူချိန် ၁ ဒီဂရီဆဲလ်စီးယပ်အထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံမှ ပျံ့နှံ့လာသည့် လေအေးများသည် လာအိုနိုင်ငံတစ်ဝန်း ပျံ့နှံ့ရောက်ရှိလာကာ အပူချိန် ၂ ဒီဂရီမှ ၄ ဒီဂရီသို့ ကျဆင်းခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဒီဇင်ဘာ ၇ ရက်တွင် ထုတ်ပြန်ထားသည်။

တောင်တန်းနှင့် ကုန်းပြင်မြင့်ဒေသများတွင် အနိမ့်ဆုံးအပူချိန်များ ကြုံတွေ့နိုင်ပြီး အပူချိန် ၁ ဒီဂရီဆဲလ်စီးယပ်မှ ၅ ဒီဂရီဆဲလ်စီးယပ်အထိရှိမည်ဟု ခန့်မှန်းထားသည်။ မြောက်ပိုင်းဒေသများတွင် အနိမ့်ဆုံးအပူချိန်မှာ ၂ ဒီဂရီဆဲလ်စီးယပ်မှ ၆ ဒီဂရီဆဲလ်စီးယပ်အထိ ရှိမည်ဟု ခန့်မှန်းထားသည်။

အလယ်ပိုင်းပြည်နယ်များတွင် အပူချိန် ၆ ဒီဂရီဆဲလ်စီးယပ်မှ ၁၀ ဒီဂရီဆဲလ်စီးယပ်အထိရှိနိုင်ပြီး တောင်ပိုင်းဒေသများတွင် အနိမ့်ဆုံးအပူချိန်မှာ ၁၃ ဒီဂရီဆဲလ်စီးယပ်မှ ၁၅ ဒီဂရီဆဲလ်စီးယပ်အထိ ရှိနိုင်သည်။ ပြည်သူများအား မိုးလေဝသခန့်မှန်းချက်များကို မျက်ခြည်မပြတ်စေရေး အကြံပြုတိုက်တွန်းထားသည်။

**ဆင်ဟွာ**

# ဆီးရီးယား၌ ကုလသမဂ္ဂအဖွဲ့အစည်းများက အစားအသောက်အကူအညီများ ဆက်လက်ဖြန့်ဝေ

**ဂျီနီဗာ ဇန်နဝါရီ ၈**

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် နိုဝင်ဘာလနှောင်းပိုင်းမှစတင်ကာ ဆီးရီးယားနိုင်ငံရှိ လူပေါင်းသုံးသန်းနီးပါးအတွက် အစားအသောက်အကူအညီများဖြန့်ဝေပေးခဲ့သည်ဟု ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက ဇန်နဝါရီ ၇ ရက်တွင် ပြောသည်။

နိုင်ငံတစ်ဝန်းရှိ စခန်းများ၊ စုပေါင်းစင်တာများတွင် နေထိုင်ကြသူများအပါအဝင် လူပေါင်း ၂ ဒသမ ၅ သန်းမှာ နိုဝင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၆ ရက်အတွင်း အစားအသောက်အကူအညီများ လက်ခံရရှိခဲ့သည်ဟု ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောကြားခဲ့သည်။ လူပေါင်း ၃၀၀၀၀၀ ကျော်မှာလည်း အသင့်စားအစားအစာများ၊ ပူနွေးသည့်ဟင်းလျာများနှင့် အစားအခြင်းများ ရရှိခဲ့သည်။

သို့သော်လည်း လုံခြုံရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအခြေအနေများ ခွင့်ပြုပေးထားသည့် နေရာများတွင်လည်း ၎င်းတို့ပို့ဆောင်မှုကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး နိုင်ငံအရှေ့မြောက်ပိုင်းဒေသများသို့ အစားအသောက်များ ပို့ဆောင်ပေးနိုင်ရေးမှာ စိန်ခေါ်မှုအဖြစ်ရှိနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံးက ပြောသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၆၈ ဦး သေဆုံး

**ဖနွမ်ပင် ဇန်နဝါရီ ၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၆၈ ဦး သေဆုံးမှုဖြစ်ပွားကြောင်း ဘေးအန္တရာယ်ထိန်းချုပ်ရေး ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

**ထိခိုက်ဒဏ်ရာရရှိသူ ၅၅ ဦးရှိ**

သို့သော်လည်း ၂၀၂၃ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်း ကျဆင်းလာသည်ဟု ဆိုသည်။ ယမန်နှစ်က မိုးကြိုးပစ်မှုကြောင့် သေဆုံးသူများအပြင် ထိခိုက်ဒဏ်ရာရရှိသူ ၅၅ ဦးရှိကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ ပြောရေးဆိုခွင့်ရှိသူ ဆော့ဘ်ကင်ကိုးလ်မိုနီက ပြောသည်။

**မကြာခဏ မိုးကြိုးပစ်လေ့ရှိ**

မိုးကြိုးပစ်ခြင်းမှ ရှောင်ရှားနိုင်ရန် အထူးသဖြင့် ကျေးလက်နေပြည်သူများသည် မုန်တိုင်းသို့မဟုတ် မိုးရွာသွန်းချိန်တွင် နေအိမ်များအတွင်း နေထိုင်သင့်သည်ဟု ကိုးလ်မိုနီက ဆင်ဟွာသို့ ပြောသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ မေလမှ အောက်တိုဘာလအထိ မိုးရာသီကာလအတွင်း မကြာခဏ မိုးကြိုးပစ်လေ့ရှိကြောင်း သိရသည်။

**မီးလောင်မှုကြောင့် ၂၀ သေဆုံး**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း မိုးကြိုးပစ်မှုကြောင့် သေဆုံးမှုများအပြင် မီးလောင်မှုကြောင့် လူ ၂၀ သေဆုံးပြီး မုန်တိုင်းကြောင့် ခုနစ်ဦး သေဆုံးကြောင်း ကိုးလ်မိုနီက ပြောသည်။



**ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိ သော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင် ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ် ခြင်း။

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဘင်ခရာတီးဝိုင်းဖြင့် နိုင်ငံတော်အလံကို အလေးပြုကြပြီး “ ကြိုဆိုပါသည် စုံညီပွဲတော်” သီချင်းဖြင့်အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေး စုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့် ထူးချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့သူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အတန်းအလိုက် ပညာရည်ချွန် ဆုရရှိသူများနှင့် မြို့နယ်အဆင့် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သင်ထောက်ကူပြခန်းနှင့် သိပ္ပံပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းလွေကျေးရွာ၌ ဆင်းကေရီ - ၃ နွေစပါးမျိုးစေ့ထုတ် စံပြစိုက်ကွက် လက်တွေ့သရုပ်ပြစိုက်ပျိုး



**မိုင်းယန်း ဇန်နဝါရီ ၈**

စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်အသုံးပြုနိုင်ရန် မျိုးစေ့ထုတ်စိုက်ကေများ မျိုးစေ့ထုတ်နည်းပညာများနှင့်အညီ စိုက်ပျိုးကြစေရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်တွင် ဆင်းကေရီ - ၃ နွေစပါး မျိုးစေ့ထုတ် စံပြစိုက်ကွက် လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်းကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက မိုင်းလွေကျေးရွာနေ ဦးပိုင်တောင်သူဦးစိုင်းလာ၏ လယ်မြေ ၂.၀၆ ဧက၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက မိုင်းယန်းမြို့နယ်အတွင်း စပါးတစ်ဧကပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးစေ့ထုတ်စိုက်ကေများ စံပြ စိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ စနစ်တကျ စိုက်ပျိုးကြရန် အသိပညာပေး ရှင်းလင်းသည်။

အဆိုပါ ဆင်းကေရီ- ၃ နွေစပါး မျိုးစေ့ထုတ်စံပြစိုက်ကွက် လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှုကို မိုင်းယန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဝက်ချောင်းတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းကုသပေး

**ကျောင်းကုန်း ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ဝက်ချောင်းတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းကုသပေးခဲ့ကြသည်။



ကွင်းဆင်း ဆေးကုသရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုက်လံကြည့်ရှု၍ အားပေးကာ အာဟာရဒါန လှူဒါန်းခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းကုသမှု အစီအစဉ်တွင် အထွေထွေရောဂါ အထူးကုလူနာ ၁၁၅ ဦး၊ ခွဲစိတ်လူနာတစ်ဦး၊ သားဖွားမီးယပ်လူနာ ၁၄ ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာလူနာ ၆၈ ဦး၊ တယ်လီဖေးရှင်း ခါတ်မှန်ရိုက်ခြင်း ၃၄ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၅ ဦး၊ ကလေးလူနာ ၁၆ ဦး စုစုပေါင်း လူနာ ၂၆၃ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး ကွင်းဆင်းစဉ်အတွင်း အရိုးအကြောအဆစ်လူနာနှစ်ဦးကို ချက်ချင်းခွဲစိတ်ပေးခဲ့သည်။ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ လိုအပ်သော ကုသမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လူနာကိုးဦးတို့အား ညွှန်းပို့စီစဉ်ခြင်း ဆောင်ရွက်ခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာ၌ ရွေ့လျားစနစ်ဖြင့် အခြေခံစားသောက်ကုန်များ လိုက်လံရောင်းချ

**ရေတာရှည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာ ဝန်ထမ်းအိမ်ရာ၌ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးရာတွင် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာ ဝန်ထမ်းအိမ်ရာရှိ ပြည်သူများအား ပြင်ပဈေးနှုန်းထက် သက်သာသော တန်ဖိုးသင့် ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၅၀၊ စားအုန်းဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၄၃၀၀၊ ငါး ၁၀ ကျပ်သားလျှင် ငွေကျပ် ၇၅၀၊ ကြက်သား ၁၀ ကျပ်သားလျှင် ငွေကျပ် ၁၄၀၀ ၊ ဝက်သား ၁၀ ကျပ်သားလျှင် ငွေကျပ် ၁၄၀၀၊ ဆိတ်သား ၁၀ ကျပ်သားလျှင် ငွေကျပ် ၁၄၀၀ နှုန်း ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တံတားဦးမြို့ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**တံတားဦး ဇန်နဝါရီ ၈**

တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်ပိုင်းက မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်သူအောင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး ၊ အခြေခံ မီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း ၊ မီးအတန်းအစားများကို ရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း လေးနည်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှု၊ မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ဖြင့် လက်တွေ့ သရုပ်ပြဆောင်ရွက်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး သန်းနိုင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မြို့မဈေးနှင့် ဈေးဆိုင်များတွင် ထားရှိရမည့် မီးသတ်ဆေးဘူး ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**



# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၆-၁-၂၀၂၅ ရက်မှ ၁၄-၂-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာငံမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိသြတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သောအကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင် အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "ကျွန်တော့်နှလုံးသားထက်မှာ လိပ်ပြာတစ်ကောင်ခိုနားနေသည်" | Aung Khant | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်)၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ် ၁၀၉ လမ်း၊ ရဲစခန်းအနီး ၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-၈ လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (ခ) | "1500 Miles to You" | Mahuyar | -ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်)၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ် ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-၈လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဂ) | "အမုန်းနဲ့ပျိုးတဲ့ချစ်ခြင်းအလင်္ကာ" | Mahuyar | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်)၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်)၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | -အမှတ်-၁၄/ မြေညီထပ်-ဘယ် ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-၈လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဃ) | "မေတ္တာနှောင်သီချစ်ကြိုးချည်" | မြမိုရံ | - ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service)(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် -၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလှိုဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (င) | "Match Made in Clouds" | DIDI ZAW | -ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် -၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလှိုဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (စ) | "DISO"+Extra | RED IN PEACE | -ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်) ၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊ ၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဆ) | "သက်ဆိုင်သူဦးဝေ" | Vi Vian | - ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်) ၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊ ၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ၎င်းတို့၏ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ် အပိုပစ္စည်းများ၊လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့ မန်းရေနံမြေဝင်းအတွင်း၌ တရားမဝင် ရေနံစိမ်း ၂၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၀၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ တရားမဝင်ကျွန်းသစ် ဝ ဒသမ ၁၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ကန္တာဏမဟီရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၇၁၅၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ်(၃၁၆–B)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၈၇ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၃၈၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း နောင်နွန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ မယ်ယန်းကုန်သွယ်ရေးစခန်းအလွန် မိုင်းကိုးကျေးရွာအုပ်စု ရန်နိုင်(၁)ကျေးရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် ၁၀ စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၄၉၆၃) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Mitsubishi Fuso Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ စက်မှုဇုန်ထုတ် Mahar Nwe Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၇၉၄၉၆၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Landcruiser မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ လပွတ္တာမြို့နယ် (၄)မိုင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၉၇၄၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီးနှင့် မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၅၇၁ တန်၊ အခြားသစ် ၅၂ ဒသမ ၆၈၇ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၂၄၈၈) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၅၂၄၈၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၄၀၆၁၇၈)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၇၄၃၈)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၈၀၇၉၃၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၀၁၅၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၇၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၅၉၅၂၉၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Comm-unity Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက် မှ ဇန်နဝါရီ ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၄ ဒသမ ၇၅၆၄ တန်၊ သစ်မာ ၃ ဒသမ ၀၆၇၆ တန်၊ အခြား ၂၀ ဒသမ ၇၄၃၆ တန် စုစုပေါင်း ၃၈ ဒသမ ၅၆၇၆ တန်၊ ယာဉ်/ ယန္တရား ရှစ်စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ သိရသည်။



သတင်းစဉ်

## မရမ်းကုန်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ စိုးသူအောင်(ခ)ဇင်ဇင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အိုက်စ်သုည ဒသမ ၉ ကီလို ကိုလည်းကောင်း၊ ထို့ပြင် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ စိုင်းယီတစ်(ခ) ယီနွဲ့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စိုးသူအောင်(ခ)ဇင်ဇင်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# “သံလွင်ဧရာ တေးကဗျာ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရတိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် (၇)ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပွဲစဉ်(၃) ဖြစ်သည့် “သံလွင်ဧရာ တေးကဗျာ” တေးဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (သောကြာနေ့)ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် ကရင်တိုင်းရင်းသား/တိုင်းရင်းသူ တေးသံရှင်များ ဖြစ်ကြသည့် စစ်မင်း၊ စဝေလျှံကျော်၊ စနီသော်၊ စစေးအိုင်ခန့်၊ နန့်ပန်ပန်၊ နန့်မယ်ရီဂျူန်းနှင့် နန့်ဆောင်းနှင်းဖြူတို့က ဖြူစင်ရိုးသားပြီး ညှို့ဝတ်ကျေပွန်လှသည့် ကရင်တိုင်းရင်းသားတို့၏ စိတ်ရင်းစေတနာ၊ ရိုးရာတူရိယာဖြစ်သည့် ဖားစည်သံနှင့်အတူ စည်းချက်ညီညီ၊ မြူးမြူးကြွကြွနှင့် သွက်လက်စွာ ကခုန်ကြသည့် ကရင်ဒုံးယိမ်းအက၊ ကရင်စာပေနှင့် ဘာသာစကားကို တန်ဖိုးထားထိန်းသိမ်း စောင့်ရှောက်ကြပုံ၊ ရိုးရာပွဲတော်များကို အနှစ်သာရပြည့်ဝစွာနှင့် ဆင်နွှဲကျင်းပကြပုံများကို စပ်ဆိုထားသည့် တေးသီချင်း ကောင်းများအား ကရင်၊ ဗမာ နှစ်ဘာသာဖြင့် ဒေသတွင်း နာမည်ရလာသည့် D9G Music Band ၏ တီးခတ်မှုနှင့်အတူ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်လကျော်ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာ့လက်ရွေးစင်အသင်း၏ Asean Cup ပြိုင်ပွဲကြောင့် တစ်လကျော်ကြာ ရပ်နားထားသည့် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၅) အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၄) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၄) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ထိပ်ဆုံးတွင် ခြောက်မှတ်အသာဖြင့် ဦးဆောင်နေပြီး ချန်ပီယံဆု ထပ်မံရယူနိုင်ရန် ရေပန်းအစားဆုံးဖြစ်နေသည်။

**ရဲရင့်လွင်**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲပြုလုပ်

**သထုံ ဇန်နဝါရီ ၈**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဂေါ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (သထုံ) ပါမောက္ခချုပ် ဒေါက်တာ နီလာသိန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင့်သီတာဇော်နှင့် ပါမောက္ခ ဌာနမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပါမောက္ခချုပ်က ယခုအချိန်သည် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းလျက်ရှိသည့် အချိန်ဖြစ်ရာ ကွန်ပျူတာဘာသာရပ်ကို လေ့လာသင်ယူနေသည့် ကျောင်းသား ကျောင်းသူတို့၏ စွမ်းဆောင်ရည်သည် အလွန်အရေးကြီးကြောင်း၊ တက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် IT ပညာရပ်တို့ကို ကြိုးစားသင်ယူကာ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ပူးပေါင်းပါဝင်နိုင်မည့် IT ပညာရှင်များဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။



ဆက်လက်၍ စတုတ္ထနှစ် ကျောင်းသားတစ်ဦးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်း၊ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့ နှစ်အလိုက် ထူးချွန်ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲအသီးသီးတို့မှ ဆုရ ကျောင်းသူ ကျောင်းသားများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) တတိယနေ့ကို ဇန်နဝါရီ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် မလေးရှားကလပ် တီရန်ဂါနူးအသင်းကို အိမ်ကွင်း၌ ငါးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ကစားရသော်လည်း ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ ပထမပိုင်းမှာပင် ပယ်နယ်တီနှစ်ကြိမ်ပေးခဲ့ရသလို နောက်ခံလူနှစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် အိမ်ကွင်း၌ ဂိုးပြတ်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဟီရိုကီသည် ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ခွန်ကျော်ဇင်ဟိန်း၊ မျိုးကိုထွန်း၊ ရင်တာရို၊ ဘာကာယိုကိုတို့ဖြင့် ပွဲထွက်လာသည်။ ပွဲအစ ၁၁ မိနစ်မှာပင် ကွင်းလယ်ဒိုင်လူကြီးက VAR ပြန်ကြည့်ပြီး တီရန်ဂါနူးအသင်းကို ပယ်နယ်တီကန်ခွင့်ပေးခဲ့ရာ ဆာဖာဝီက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် တီရန်ဂါနူးအသင်းက ဆက်တိုက်ဖိကစားလာရာ ၂၅ မိနစ်တွင် မန်နျူရယ်အော့သ်၊ ၄၅+၇ မိနစ်တွင် ရာရှီးက ပယ်နယ်တီမှတစ်ဆင့် ဂိုးများဆက်တိုက်သွင်းယူခဲ့ရာ ပထမပိုင်းအပြီးတွင် တီရန်ဂါနူးအသင်းက သုံးဂိုးပြတ်ဦးဆောင်နေသည်။ ၄၅+၃ မိနစ်တွင် ရှမ်းယူနိုက်တက် နောက်ခံလူ ဖွဲ့ထက်မင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသလို ၇၉ မိနစ်တွင်လည်း နောက်ခံလူ ဖွဲ့ခန့်မင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ နှစ်ယောက်လျော့သွားသည့် ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် လုပ်မပြနိုင်ဘဲ ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်ပေးခဲ့ရသည်။ တီရန်ဂါနူးအသင်းအတွက် အနိုင်ဂိုးများကို ၆၄ မိနစ်တွင် မန်နျူရယ်အော့သ်နှင့် ၇၁ မိနစ်တွင် ရာရှီးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မလေးရှားကလပ် တီရန်ဂါနူးအသင်းက သုံးပွဲကစား လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် စတုတ္ထပွဲအဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# မြို့သစ်မြို့ မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၈**

မကွေးခရိုင် မြို့သစ်မြို့ မီးသတ်ဦးစီးဌာနက မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးကာကွယ်ရေးပစ္စည်းများထားရှိမှုအခြေအနေနှင့် မီးသတ်ရေကန်ဖြည့်တင်းထားရှိမှု၊ မီးသတ်ယာဉ်ဝင်/ထွက်သွားလာနိုင်ရေးအတွက် ရှင်းလင်းထားရှိမှုအခြေအနေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့က ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး အကြံပြုခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းမှာ အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှ ပွဲစဉ် သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှ အဲဗာတန်၊ ဖူလ်ဟမ်အသင်းတို့အပြင် ချန်ပီယံရှစ်ပြိုင်ပွဲမှာ ခြေစွမ်းကောင်းပြသထားနိုင်တဲ့ ရက်ဖီးလ်အသင်းပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်

| သောကြာနေ့ | | | ၁၀-၁-၂၀၂၅ |
|---|---|---|---|
| ရက်ဖီး | vs | ကာဒစ်ဖ် | နံနက် ၁း၃၀ |
| အဲဗာတန် | vs | ပီတာဘရော့ | နံနက် ၂း၁၅ |
| ဖူလ်ဟမ် | vs | ဝက်ဖို့ဒ် | နံနက် ၂း၁၅ |

## ရက်ဖီး VS ကာဒစ်ဖ်

ချန်ပီယံရှစ်မှာ ကစားနေတဲ့ အသင်းချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ရက်ဖီးက တိုက်စစ်၊ ခံစစ် အကောင်းဆုံးအသင်းထဲ ပါဝင်နေပြီး ကာဒစ်ဖ်က တိုက်စစ်၊ ခံစစ် အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတယ်။ ဒီနှစ်သင်း နောက်ဆုံး သုံးကြိမ်တွေ့ဆုံမှုမှာလည်း ရက်ဖီးအသင်းက သုံးကြိမ်စလုံး အနိုင်ရထားတယ်။ ဒါ့အပြင် ရက်ဖီးအသင်းက နောက်ဆုံး ၁၂ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ မည်သို့ပင်ဆိုစေ ခြေစွမ်းပိုင်းထက်မြက်ပြီး အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း သာလွန်မှုရှိတဲ့ ရက်ဖီးကို ကာဒစ်ဖ်အသင်း အနိုင်ရဖို့ မလွယ်ဘူး။

## အဲဗာတန် VS ပီတာဘရော့

အဲဗာတန်က လိဂ်ဝမ်းမှာ ခြေစွမ်းသာမန်ရှိပြီး ခံစစ်ပိုင်းဆိုးရွားတဲ့ ပီတာဘရော့နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တယ်။ ပီတာဘရော့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနဲ့ လေးပွဲအထိ ရှုံးနိမ့်ထားတယ်။ အဲဗာတန်ကလည်း နောက်ဆုံးငါးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘဲ သုံးပွဲသရေနဲ့ နှစ်ပွဲရှုံးထားတယ်။ ရလဒ်ပိုင်းဆိုးရွားနေတဲ့ အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်သော်ငြား နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရေးကို ဦးတည်လာမှာပါ။ ပီတာဘရော့ရဲ့ ရှန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် နောက်တစ်ဆင့်ကို အဲဗာတန်အသင်း တက်လှမ်းဖွယ်ရှိတယ်။

## ဖူလ်ဟမ် VS ဝက်ဖို့ဒ်

ဖူလ်ဟမ်က ပရီမီယာလိဂ်မှာ နာမည်ကြီး အာဆင်နယ်၊ လီဗာပူးအသင်းတို့ကို သရေကျအောင် ကစားထားနိုင်ပြီး ချယ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ခြေစွမ်းထက်မြက်မှုရှိတယ်။ ပြိုင်ဘက်ဝက်ဖို့ဒ်က ချန်ပီယံရှစ်မှာ ကစားနေတဲ့အသင်းဖြစ်ပြီး နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတယ်။ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် ကစားပုံမာကျောတဲ့ ဖူလ်ဟမ်ကို နိုင်ပွဲရတဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။ သို့သော်လည်း ဖူလ်ဟမ်အသင်း ပုံမှန်ခြေစွမ်းမပြသနိုင်ခဲ့ရင် ပေးဆပ်မှုကြီးမားပြီး နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်သွားနိုင်တယ်။

ဇန်နဝါရီ ၁၀ ရက် နံနက် ၁ နာရီခွဲမှာ စပိန်စူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနဲ့ မာယော့ကာအသင်းပွဲစဉ် ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆီမီးဖိုင်နယ်မှာ ဘယ်အသင်းက နိုင်ပွဲရယူပြီး ဗိုလ်လုပွဲ တက်လှမ်းသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ရီးရဲမက်ဒရစ်အသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုကို မာယော့ကာအသင်း ပွဲချိန်ပြည့်ဟန့်တားဖို့ မလွယ်ဘူး



## ရီးရဲမက်ဒရစ် VS မာယော့ကာ

မာယော့ကာက ဒီပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်မှာ ပြိုင်ဘက်ကို ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ ရီးရဲမက်ဒရစ်အသင်းက ကိုပါဒယ်ရေးဖလား ပြိုင်ပွဲ ၃၂ သင်းအဆင့်မှာ ပြိုင်ဘက်ကို ဂိုးပြတ်နိုင်ပွဲရယူထားတယ်။ ဒါကြောင့် မာယော့ကာက ဒီပွဲစဉ်မှာ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမှာ သေချာတယ်။ ရီးရဲမက်ဒရစ်အသင်းကလည်း ဗိုလ်လုပွဲတက်လှမ်းနိုင်ဖို့အတွက် အဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာပါ။ မာယော့ကာအသင်းမှာ အပိုင်အခွင့်အရေးရသော်ငြား အဆုံးသတ်သေချာတဲ့ကစားသမား အလွန်နည်းပါးတယ်။ ပြိုင်ဘက် ရီးရဲမက်ဒရစ်မှာက အမ်ဘာပေ၊ ဗင်နီနီးယပ်စ်၊ ဘဲလင်ဂမ်၊ ဗယ်ဗာဒီ၊ ရိုဒရီဂို တို့လို ပွဲအဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားအများအပြားရှိတယ်။ မာယော့ကာထက် ရီးရဲမက်ဒရစ် နိုင်ပွဲရမယ်။



အမ်ဘာပေ
ရီးရဲမက်ဒရစ် (တိုက်စစ်)
လိဂ် ၁၇ ပွဲကစား၊ ၁၀ ဂိုးသွင်း

လာရင်
မာယော့ကာ (တိုက်စစ်)
လိဂ် ၁၆ ပွဲကစား၊ ၅ ဂိုးသွင်း

| ရီးရဲမက်ဒရစ်နဲ့ မာယော့ကာအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ် | | | |
|---|---|---|---|
| မာယော့ကာ | ၁ - ၁ | ရီးရဲမက်ဒရစ် | လာလီဂါ |
| မာယော့ကာ | ၀ - ၁ | ရီးရဲမက်ဒရစ် | လာလီဂါ |
| ရီးရဲမက်ဒရစ် | ၁ - ၀ | မာယော့ကာ | လာလီဂါ |



## ဆွန်ဟောင်မင်၏ စာချုပ်ပါ တစ်နှစ်သက်တမ်းခွင့်ကို စပါးအသင်း သက်တမ်းတိုး

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် အသင်းမှ တိုက်စစ်ကစားသမား ဆွန်ဟောင်မင်၏ စာချုပ်ပါ တစ်နှစ်သက်တမ်းခွင့်ကို သက်တမ်းတိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စပါးအသင်းသည် အားထားရသည့် တိုက်စစ်ကစားသမား ဆွန်ဟောင်မင်ကို ၂၀၂၆ ခုနှစ်အထိ အသင်းတွင် ထိန်းထားနိုင်တော့မည်ဖြစ်သည်။ အသက် ၃၂ နှစ်အရွယ် ဆွန်ဟောင်မင်သည် ၂၀၁၅ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

၎င်းသည် စပါးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၄၃၁ ပွဲ ပါဝင်ကစားထားပြီး ၁၆၉ ဂိုး သွင်းယူပေးထားနိုင်သည်။ တောင်ကိုရီးယားကစားသမား ဆွန်ဟောင်မင်သည် ပရီမီယာလိဂ်တွင် ပွဲပေါင်း ၃၂၀ ပွဲ ပါဝင်ကစားထားပြီး ၁၂၅ ဂိုးသွင်းကာ ၆၈ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

### နောက်ဆုံးရအားကစားသတင်းတိုများ

- ဒွေါမွန်နှင့် ဂျူဗင်တပ်စ်အသင်းတို့သည် မန်ယူတိုက်စစ်ကစားသမား ရက်ဖို့ဒ် (၂၇နှစ်) ကို ခေါ်ယူရေးတွင် အေစီမီလန်အသင်းနှင့်အပြိုင် ပါဝင်လာသည်။
- မန်စီးတီးအသင်းသည် ဖရန့်ဖတ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ သတ်မှတ်ထားသော အီဂျစ်တိုက်စစ်ကစားသမား အူမာ မာမွတ်ရှ် (၂၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဝုဖ်နှင့် ဘုန်းမောက်အသင်းတို့သည် ချယ်ဆီးအသင်းမှ အသက် ၂၁ နှစ်အရွယ် ပေါ်တူဂီခံစစ်ကစားသမား ရီနာတို ဗီဂါကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အင်ဒိုနီးရှားအသင်းသည် နယ်သာလန်နှင့် ဘာစီလိုနာတိုက်စစ်ကစားသမားဟောင်း ပက်ထရစ်ကလွိုက်ဗက် (၄၈ နှစ်) ကို အသင်း နည်းပြအဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားအသင်းသည် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၂၇ တွင် ရပ်တည်နေသည်။

■ မိုးဇက် - စုစည်းသည်

## ဩစတြေးလျအိုးပင်း လက်ရည်စစ်ပွဲနောက်ဆုံးအဆင့်သို့ ဗြိတိန်တင်းနစ်မယ် ဟာရီဒက်သ် တက်လှမ်း

ဗြိတိန်တင်းနစ်မယ် ဟာရီဒက်သ်သည် ဩစတြေးလျအိုးပင်း လက်ရည်စစ်ပွဲ နောက်ဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ဟယ်သာဝက်ဆန်မှာ ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် အခွင့်အရေး ဆုံးရှုံးခဲ့သည်။

ဟာရီဒက်သ်သည် ဩစတြေးလျတင်းနစ်မယ် ပရက်စတန်ကို အကြိတ်အနယ်ကစားပြီး ၆-၇ (၇-၉)၊ ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် လက်ရည်စစ်ပွဲနောက်ဆုံးအဆင့်တွင် ဂျပန်တင်းနစ်မယ် နာအိုဟီဘီနိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဟာရီဒက်သ်နှင့် နာအိုဟီဘီနိုတို့ပွဲစဉ်ကို ဇန်နဝါရီ ၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။


ဗြိတိန်တင်းနစ်မယ် ဟာရီဒက်သ်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၁၈၈၈, Honda Wave 110 M/C ယာဉ်လက် ဝယ်ရှိသူ ဦးလွင်စိုး ၆/ထဝန(နိုင်)၁၁၀၁၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
(ထားဝယ်)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/10663, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သန်းဝင်းဦး ၅/ဝသန(နိုင်)၀၅၂၇၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
(ထားဝယ်)

### ပဲခူးတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ်(၁၁)ကြိမ်မြောက်နှင့် အဝေးသင် သင်တန်း တတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပရေးကော်မတီက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇)ရက်နေ့တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ(အတွင်း+အပြင်)ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို (၂၃-၁-၂၀၂၅) ရက်နေ့မှ စတင်၍ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင် (၂၀၀၀ိ/-) (နှစ်ထောင်ကျပ်တိတိ)ဖြင့် ဌာနမှူး(စီမံ/ဘဏ္ဍာ ရုံးခန်းတွင် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် ဗွီဒီယို၊ ဓာတ်ပုံလုပ်ငန်း လိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး (၂၈-၁-၂၀၂၅) မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလျှောက်လွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ပဲခူးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူရေးစိစစ်ရေးကော်မတီသို့ လာရောက်တင်သွင်းရမည်။ (၂၈-၁-၂၀၂၅) ရက်နေ့ မွန်းလွဲ(၂:၀၀) နာရီတွင် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၇ ၆၆၄ ၇၃၉- ၀၉-၂၄၀၂၆၁၅၊ ၀၉-၄၂၀ ၀၅၈၀၃၉ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ဓါတ်ပုံတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပဲခူးတက္ကသိုလ်

### ပဲခူးတက္ကသိုလ်
### (၁၁)ကြိမ်မြောက်(နေ့)သင်တန်းနှင့် (အဝေးသင် သင်တန်းများ)၏ ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ပဲခူးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (နေ့သင်တန်း)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များနှင့် ၂၀၂၄ ပညာသင်နှစ်၊ (အဝေးသင် သင်တန်း)များ၏ ဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် ၉-၁၂-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**(၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်(နေ့သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ | ၁၃-၂-၂၀၂၅ | ၁၅-၂-၂၀၂၅ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | (ကြာသပတေးနေ့) | (စနေနေ့) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာ ၊ အရှေ့တိုင်းပညာ | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ ၊အင်္ဂလိပ်စာ ၊ အရှေ့တိုင်းပညာ | | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း | ၁၃-၂-၂၀၂၅ | ၁၅-၂-၂၀၂၅ |
| မဟာသိပ္ပံဘွဲ့ | ဓါတုဗေဒ၊ သင်္ချာ | (ကြာသပတေးနေ့) | (စနေနေ့) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ သမိုင်း | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓါတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ | ခန်းမ(အနောက်ခြမ်း) | ပ-ညနေ |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ | | |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ | | |

**တတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင် (အဝေးသင် သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁ မှ ၁၀၅) | ၁၄-၂-၂၀၂၅ | ၁၆-၂-၂၀၂၅ |
| | အင်္ဂလိပ်စာ | (သောကြာနေ့) | (တနင်္ဂနွေနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | သတ္တဗေဒ | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁၀၆ မှ ၂၂၆) | ၁၄-၂-၂၀၂၅ | ၁၆-၂-၂၀၂၅ |
| | သမိုင်း(၄သ-၁ မှ ၁၀၉) | (သောကြာနေ့) | (တနင်္ဂနွေနေ့) |
| | | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ | ခန်းမ(အနောက်ခြမ်း) | ပ-ညနေ |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | သမိုင်း(၄သ-၁၁၀ မှ ၂၁၇) | ၁၄-၂-၂၀၂၅ | ၁၇-၂-၂၀၂၅ |
| | ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ | (သောကြာနေ့) | (တနင်္လာနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ | မွန်းလွဲ ၁:၀၀နာရီ | နံနက် ၉:၀၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | ဒု-နံနက် |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၂၂၇ မှ ၃၄၁) | ၁၄-၂-၂၀၂၅ | ၁၇-၂-၂၀၂၅ |
| | သမိုင်း(၄သ-၂၁၈ မှ ၃၁၄)၊ဒဿနိကဗေဒ | (သောကြာနေ့) | (တနင်္လာနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ဓာတုဗေဒ၊ ရုက္ခဗေဒ | မွန်းလွဲ ၁:၀၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| | | ခန်းမ(အနောက်ခြမ်း) | ဒု-ညနေ |

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို နေ့သင်တန်းများသည် ၁၀-၂-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် (၉:၃၀) နာရီမှစတင်၍ ပဲခူးတက္ကသိုလ် (သင်တန်းရေးရာဌာန)တွင် ထုတ်ပေးပါမည်။(အဝေးသင် သင်တန်း) များကို ၁၁-၂-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက်(၉:၃၀) နာရီမှစတင်၍ ပဲခူးတက္ကသိုလ်(အဝေးသင်ဌာန)တွင် ထုတ်ပေးပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်(သင်တန်းရေးရာဌာန) ၏ ဖုန်း ၀၉-၇၇၇ ၆၆၄ ၇၃၉၊ ၀၉-၄၂၀ ၀၅၈ ၀၃၉၊ ၀၉-၆၈၆ ၅၄၅ ၁၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး-သင်တန်းရေးရာဌာန
ပဲခူးတက္ကသိုလ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၈**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၁၄၃၅, Honda Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၆/ရဖန (နိုင်) ၀၅၇၃၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
(ထားဝယ်)

**၂၀ပေ×၆၀ပေ RC ၃ ထပ်တိုက်ရောင်းမည်**

ထောင့်ကွက်၊ မင်းဂေါင် ၁ လမ်း၊ (မြပန်းစိုက်ရလမ်းကျောကပ်)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဂရုံအမည်ပေါက်၊ 3MB ၊ GYM ခန်း။ ပန်းခြံ၊ ဘုရားခန်း။ Level 2 EV အားသွင်းစက်။ ပါဝါ+ ရိုးရိုးမီတာ။ အဝီစိ+ ဂျိုးဖြူရေ၊ တိုက်သက်တမ်း ၅ နှစ်။ ကား ၄ စီးရပ်နိုင်။

09 43021001 ၁၂၅၀၀သိန်း(ညှိနှိုင်း)

### စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၅၇ (ခ)နှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၂၁၁(က)အရ
### FOREMOST MFG COMPANY LIMITED
### (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"FOREMOST MFG COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** - ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်
နံနက် ၁၀ နာရီ

**ကျင်းပမည့်ပုံစံ** - **Online Meeting**

ဒေါ်မိုးမိုးအေး
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
FOREMOST MFG COMPANY LIMITED

## သင့် သွေးဖြင့် အသက် ကယ်ပါ

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စု ကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၈ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၁၀၁ | ၈၂၈၇၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၂၄၉ | ၇၉၃၅၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၁၈၅၀ | ၁၉၀၀ | ၁၁၁၄ | ၂၁၁၅၉၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၆ | ၁၈၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၇၃၄ | ၁၈၉၇၃၅၀ |
| AMATA | ၄၂၀၀ | ၄၃၀၀ | ၄၂၅ | ၁၇၈၇၀၀၀ |
| MAEX | ၃၁၅၀ | ၃၂၀၀ | ၃၄၆ | ၁၁၀၆၄၀၀ |
| MADPL (PLB) | ၃၁၀၀ | ၃၀၅၀ | ၅၈ | ၁၇၇၀၀၀ |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## တိုက်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

ဒေါ်လှမြိုင် နှင့် ၁။ ဒေါ်တရုတ်မ ၂။ ဒေါ်အုန်းသန်း
၃။ ဒေါ်ခင်စန်းညွန့် ၄။ ဒေါ်ခင်စန်းအေး
၅။ မအေးအေးမော် ၆။ မစိုးစိုးသန်း
၇။ မအိအိစိုး ၈။ မောင်အောင်အောင်
၉။ မဆုဝေအောင်(ခ)လွင်လွင်ထက်
၁၀။ ဒေါ်ကျင်ငွေ

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သစ်စုကျေးရွာ၊ ပုတ္တာကျေးရွာအုပ်စုနေ (၆) မစိုးစိုးသန်း၊ (၇) မအိအိစိုး၊ (၈) မောင်အောင်အောင် တရားပြိုင်တို့အား သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းခွဲဝေပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေဒီဇင်ဘာအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**တိုက်ကြီးခရိုင်တရားရုံး**

## ကွန်ဒိုတိုက်ခန်းပိုင်ရှင်အမြန်ဆက်သွယ်ပါ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်းအမှတ် (၁၀/၃)၊ အခန်းပိုင်ရှင်သည် ကွန်ဒို(A) လူမှုရေးကော်မတီနှင့် အမြန်ဆုံးလာရောက် ဆက်သွယ်ပါရန် အကြောင်းကြား သိစေလိုက်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ လိုအပ်သော လူမှုရေးကိစ္စအဝဝကို လူမှုရေးကော်မတီက စောင့်ရှောက်ထိန်းသိမ်းထားသည်မှာ ၁-၄-၂၀၂၃ ရက်မှ ယနေ့တိုင်ဖြစ်ပါသည်။ အကြောင်း အမျိုးမျိုးကြောင့် အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော နေထိုင်ခွင့်အထောက်အထားမူရင်း၊ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် စာချုပ်မူရင်းများနှင့်တကွ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များထံ ဆက်သွယ်ပေးပါရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးထိန်ဝင်း (ဥက္ကဋ္ဌ)** | **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **ကွန်ဒို(A)လူမှုရေးကော်မတီ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၆)** |
| | **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၀၈၀၂၄** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၅၁၂)၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ ဦးလှဝင်းထွန်း (ဘ) ဦးမောင်ကို ၁၂/ဥကတ(နိုင်)၀၀၂၁၆၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ယဉ်မာအောင် (ဘ) ဦးဌေးအောင် ၅/မမန(နိုင်)၀၆၃၃၉၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာနေ (ဘ) ဦးအောင်ဝင်း၏သား ကျွန်တော် မောင်ဘုန်းပြည့်သိမ်း ၉/ပဗသ(နိုင်) ၀၁၉၅၁၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF-635829)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၆၉၃၆၉၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၄၀၄၇ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၉/ဥတသ(နိုင်)၀၀၂၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## သင်္ဃန်းကျွန်းခရိုင်တရားရုံး၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉၇

ဦးတင်ဦး (ခ) ESMIEN နှင့် ဦးတင်ဦး
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီး ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅၅)နေ တရားရှုံး ဦးတင်ဦး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ဦးစိုင်းကိုကြီး ၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ မမေမေဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၂၀၀၉ ဖြစ်ပါကြောင်း။

**မမေမေဇော်**

## မွေးသက္ကရာဇ်အမှန်

ဦးနိုင်မင်းအောင် ၏ သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 မှ မောင်ချစ်ထူးလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၇-၂၀၁၀ ဖြစ်ပါကြောင်း။

**မောင်ချစ်ထူးလှိုင်**

## မွေးသက္ကရာဇ်အမှန်

ဦးဝင်းဇော်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်ပြည့်စုံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၃-၂၀၀၇ ဖြစ်ပါကြောင်း။

**မောင်ပြည့်စုံလင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အထက (လေးမိုင်) G-12(B)မှ မောင်ဇင်မျိုး ၇/တငန (နိုင်)၂၆၂၉၇၄၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအောင် ၇/တငန (နိုင်)၁၁၅၆၄၄ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးအောင်**

## မွေးသက္ကရာဇ်အမှန်

ဦးမြင့်လွင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မဝင်းလဲ့ဖြိုးသန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။

**မဝင်းလဲ့ဖြိုးသန့်**

## မွေးသက္ကရာဇ်အမှန်

ဦးဇော်ဌေး၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မောင်စိုးခန့်သူ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၅-၁၁-၂၀၁၁ ဖြစ်ပါကြောင်း။

**မောင်စိုးခန့်သူ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/37036 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမြင့် ၇/ရတရ(နိုင်)၁၃၅၁၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/4066 Toyota Corolla 4E 100, Station Wagon ယာဉ်လက်ဝယ်ရှိသူဦးဇော်မင်းထက် ၁၂/ပဇတ(နိုင်)၀၃၂၅၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 14U/7001 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/3847 Turbo Star 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/ဟသတ(နိုင်) ၀၇၀၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/1149 Nulang NL 125, 3W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၁၄/ဒဒရ (နိုင်)၀၁၅၆၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၁၂၉)ကို အမည်ပေါက် ဒေါ်လှလှလေး (ဘ)ဦးလောစံ ၁/ဝမန(နိုင်)၀၂၉၈၅၃ မှ ဒေါ်ဝါဝါမြင့် (ဘ) ဦးစံမြင့် ၅/မမတ(နိုင်)၀၅၆၉၁၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၉၇၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမောင်မောင်သက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဇေယျာသီရိခရိုင်တရားရုံး၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်ဆွေဆွေသိန်း (ကိုယ်စား) အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၉/၂၀၂၄)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဦးဝင်းထွန်း ၉/မနမ(နိုင်)၀၃၄၃၄၄ မှ ကျမ်းကျိန်ဆိုချက်၊ သေဆုံးမှုလက်မှတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅/၁၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၂ လမ်း (၁၉))၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား မြို့မြေအမှုတွဲ အမှတ်၊ ၂၀၁၁/၁၉၉၄-၁၉၉၅အရ ၂၅-၁-၁၉၉၅ရက်မှ ၂၄-၁-၂၀၂၅ ရက်ထိ ဦးဘမော် အမည်ဖြင့် နှစ်(၃၀)ရရှိထားသော် မြေငှားစာချုပ်ကို မြို့မြေအမှုတွဲအမှတ် ၉၇ V ၂၀၁၁-၂၀၁၂ အရ(၂၉-၆-၂၀၁၂)ရက်မှစ၍ ဒေါ်ခင်ဆွေဝင်း အမည်သို့ မူလသက်တမ်း အတိုင်း အမည်ပြောင်းပေးခဲ့ပြီး အဆိုပါမြေငှား စာချုပ်မှာ ၂၄-၁-၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံး မည်ဖြစ်၍ ဒေါ်ခင်ဆွေဝင်း အမည်ဖြင့် (သက်တမ်းတိုး) လျှောက် ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ အား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ် ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့၊ ကံကြီး/မကျီး ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ်(၆)၊ ကံကြီးပိုင်းကွက်၊ ဦးပိုင်အမှတ်-၂၃ ခ၊ ဧရိယာ ၀ ဒသမ ၀၈၉ ဧက၊ မြေပိုင်ဆိုင်ခွင့် (ဘီ)၊ မြေအမျိုးနှင့်အတန်း- မြို့မြေဟုခေါ်တွင်သည့် မူလအမည်ပေါက်သူ ဒေါ်ရှုရင် (ကွယ်လွန်) ၏ မြေကွက် အား ၇-၁၁-၂၀၂၄ရက်စွဲပါ ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ်(၁၂/၂၀၂၄)အရ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်ဖြင့် (၁) ဦးဝင်းနိုင် (ဘ) ဦးမြဇင် ၁၂/ကခက(နိုင်)၀၀၆၄၃၂၊ (၂) ဦးစိန်ရွှေမြ (ဘ) ဦးမြဇင် ၁၂/ကခက (နိုင်)၀၀၆၃၃၇၊ ဒေါ်တိုးတိုးလှိုင် (ဘ) ဦးလှဝ ၁၂/ကမန(နိုင်)၀၇၇၃၆၉ တို့အား ပူးတွဲပိုင်ဆိုင်သူများမှ အထက်ဖော်ပြပါ စာချုပ်မှတ်ပုံတင်အမှတ်ဖြင့် အပြီးအပိုင် စွန့်လွှတ်ပေးအပ်ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဒေါ်ရှုရင် အမည်မှ ဦးဝင်းနိုင်၊ ဦးစိန်ရွှေမြ၊ ဒေါ်တိုးတိုးလှိုင် အမည်များသို့ ပြောင်းလဲရန် ဆောင်ရွက် မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းများ တင်ပြလျက် ကန့်ကွက်နိုင်ပါ ကြောင်း၊ သတ်မှတ်ရက်ကျော်ပါက သက်ဆိုင်ရာဌာနတို့မှ လုပ်ထုံးလုပ်နည်းနှင့် အညီ အမည်ပြောင်း လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နန်းမိုခမ်းအောင် (စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၀(ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၈၂၆၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၇/၉)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (၄)လွှာ(ခြေရင်းခန်း) မျက်နှာမူရင်(ညာဘက်ခြမ်း)တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အိကေဗို ၁၂/မဂတ(နိုင်)၁၁၄၃၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိထွန်း ၁၂/စခန(နိုင်)၀၆၄၅၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှိုင်လှိုင်ဌေး(LL.B,D.I.P.L)** | **ဒေါ်မေဇင်ဦး(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀၈)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၉၅၇)** |

**ဖုန်း-၀၉-၇၉၉ ၇၈၀၀၅၁ ၊ ၀၉-၇၆၆ ၈၈၇ ၄၄၉**

## မောင်နှမအရင်းဖြစ်ကြောင်း အများသိစေရန်

ကျွန်တော် ဦးဇော်ဦး (ဘ)ဦးစောဦး ၁၂/ကမရ(နိုင်)၀၁၆၇၇၇ နှင့် အစ်မ ဖြစ်သူ ဒေါ်မိုးမိုးဦး (ဘ) ဦးစောဦး ၁၂/ကမရ(နိုင်)၀၁၇၀၃၃၊ ညီမဖြစ်သူ ဒေါ်မြတ်မြတ်ဦး (ဘ) ဦးစောဦး ၁၂/ကမရ (နိုင်)၀၁၆၅၀၄ တို့သည် ဖခင် ဦးစောဦးနှင့် မိခင် ဒေါ်အေးမြင့်တို့မှ မွေးဖွားခဲ့သော သွေးရင်း မောင်နှမ အရင်းအချာများဖြစ်ကြပါသည်။ ကျွန်တော်၏ အစ်မဖြစ်သူနှင့် ညီမဖြစ်သူ တို့သည် ဩစတေးလျနိုင်ငံတွင် လက်ရှိနေထိုင်လျက်ရှိပြီး ၎င်းတို့ မြန်မာနိုင်ငံ တွင်ရှိစဉ်က မေဖလားဝါးထရေးဒင်းကုမ္ပဏီလီမိတက်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ ရွှေကမ်းသာယာအိမ်ရာ၊ ဘလောက်(၂၆/၂ဒီ) မြေကွက်အမှတ် ၂၉၉၊ ဧရိယာ ၂၅ x ၇၅ ပေရှိ မြေကွက်ကို မောင်အရင်းဖြစ်သူ ကျွန်တော် ဦးဇော်ဦး အား အမည်ပြောင်း လုပ်ကိုင်ခြင်း၊ ရောင်းခြင်း၊ ငှားရမ်းခြင်း ပြုလုပ်နိုင်စေရန် အလုံးစုံ အာဏာလွှဲအပ်ထားပြီး ပြုလုပ်ပိုင်ခွင့်ပြုထားကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**

## ALLIANCE SHIPPING AGENCIES LIMITED
## ဖျက်သိမ်းရန်ကြေညာချက်

၁။ ALLIANCE SHIPPING AGENCIES LIMITED ကို အစုရှင်များ၏ ဆန္ဒအရအလိုအလျောက်ဖျက်သိမ်းရန် (၀၆.၀၁.၂၀၂၅)နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထူးအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် B97/4,ChinsuRoad, Nawaday Shop House, Nawaday Garden Housing, (6) Ward Hlaing Thar Yar Township Yangon နေ ဒေါ်သီတာအေး (B.Com,CPA) (၈/မကန(နိုင်)၀၁၀၅၂၈) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

**ဒေါ်သီတာအေး**
**(B.Com,CPA)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(MAIP-၀၀၁၉၃)**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက လက်ပံတောကျောင်း၊ Grade-5မှ မင်းတိုးတက်လင်း၏ မိဘအမည်မှန်မှာ မင်းငွေလှိုင်စိုး ၁၀/ပမန(နိုင်)၁၀၉၅၀၂နှင့် မိဖြူဖြူလင်း ၁၀/ပမန(နိုင်) ၁၁၆၄၉၃ဖြစ်ပါကြောင်း။

**မင်းငွေလှိုင်စိုး-မိဖြူဖြူလင်း**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက လက်ပံတောကျောင်း Grade-5 မှ မင်းစိုက်အောင်၏ မိဘအမည်မှန်မှာ မောင်မင်းကျော်သူ ၁၀/ ပမန(နိုင်)၁၈၂၅၆၅နှင့် မိချိုချိုမွန် ၁၀/ပမန(နိုင်)၁၇၈၄၁၆ ဖြစ်ပါကြောင်း။

**မောင်မင်းကျော်သူ-မိချိုချိုမွန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## (၂၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၂၃ ခုနှစ် နောက်ပိုင်းမှစ၍ ဘွဲ့ရစာမေးပွဲ အသီးသီးကို အောင်မြင်ခဲ့ကြသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဇီဝနည်းပညာဆိုင်ရာဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့သူများ အတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

| | | |
|---|---|---|
| **အစမ်းလေ့ကျင့်ရက်** | - | (၁၅-၂-၂၀၂၅)ရက် (စနေနေ့) |
| **ကျင်းပမည့်နေ့ရက်** | - | (၁၆-၂-၂၀၂၅)ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် (၉:၀၀) နာရီမှ (၁၂:၀၀)နာရီအထိ (အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး) |
| **ကျင်းပမည့်နေရာ** | - | မန္တလေးနည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| **ဘွဲ့နှင်းသဘင်ကြေး** | - | တက်ရောက် ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) (လျှောက်လွှာနှင့်အတူပေးသွင်းရန်) |
| **လျှောက်လွှာတင်သွင်း ရမည့်ရက်** | - | (၂၀-၁-၂၀၂၅)ရက် မှ (၃၁-၁-၂၀၂၅)ရက်ထိ |

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည့်အပြင် တစ်လအတွင်း ရိုက်ကူးထားသော ၂ လက်မ x ၁ လက်မခွဲအရွယ် ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ခဲ့ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။ **၂၀၂၃ခုနှစ် ဧပြီလ (၃၀) ရက်နေ့မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရမည်။**

၃။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်း မရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၄။ ဘွဲ့ဝတ်စုံများကို (၁၁-၂-၂၀၂၅)ရက် နံနက်(၁၀:၀၀) နာရီအချိန်မှစ၍ သင်တန်းရေးရာဌာနတွင် ထုတ်ပေးမည်ဖြစ်သည်။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာန (ဖုန်း-၀၉-၂၀၁၆၅၀၉) တွင် စုံစမ်းနိုင်ပါသည်။

**မန္တလေးနည်းပညာတက္ကသိုလ်**

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း
## မှတ်ပုံတင်အမှတ်(၁၁၃၄၇၁၉၂)၊ ရန်ကုန်တိုင်းဒေသကြီး

### ၂၀၂၅ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ် အလုပ်အမှုဆောင်ရွေးချယ်တင် မြှောက်ပွဲကျင်းပရန် လစ်လပ်နေသော အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းများအား ဖိတ်ခေါ်ခြင်း

ယခုကြော်ငြာပါသည့်ရက်မှစ၍ ရန်ကုန်တိုင်းအလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်း လျှောက်ထားနိုင်မှုကို (၁၅-၁-၂၀၂၅)ရက် အထိ လျှောက်လွှာများကို ကိုယ်တိုင်ကိုယ်ကျလာရောက် ထုတ်ယူလျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး တွင်လစ်လပ်လျက်ရှိသော တိုင်းအဆင့် အလုပ်အမှုဆောင် ရွေးချယ်ပွဲကို (၂၅-၁-၂၀၂၅)ရက်တွင် ပွင့်လင်း မြင်သာစွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ကျင်းပမည့်နေရာနှင့် အချိန်ကိုလည်း ထပ်မံကြော်ငြာ၍ ဆက်လက်ဖိတ်ကြားသွားမည်ဖြစ်ပါသည်။

အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော အသင်းဝင် များသည် အောက်ဖော်ပြပါ အသင်းရုံးလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

၁။ လျှောက်ထားသူများသည် အသင်းဝင်(က/ခ)အဆင့်နှင့် အသင်းဝင်သက်တမ်း(၃) လပြည့်ပြီးသူဖြစ်ရမည်။

၂။ လျှောက်ထားချိန်တွင် ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲဆိုခြင်း ခံရသူ မဖြစ်စေရ (ကိုယ်တိုင်ဝန်ခံချက်ပါရှိရပါမည်)

၃။ နှစ်စဉ်ကြေး၊ ကြွေးကျန်မရှိဘဲ ၂၀၂၄ခုနှစ်အထိ အသင်းသား နှစ်စဉ်ကြေး ပေးဆောင်ပြီးကြောင်းအထောက်အထား ပါရှိရမည်။

၄။ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံတစ်ပုံ ပါရှိရမည်။

၅။ တိုင်းအလုပ်အမှုဆောင်ရွေးချယ်ပွဲသို့(၂၅-၁-၂၀၂၅)ရက် တွင် အသင်းဝင် သက်တမ်း(၃)လပြည့်ပြီးသော အသင်းဝင် များအားလုံး တက်ရောက်မဲပေးနိုင်ပါသည်။

ကျင်းပမည့်နေရာနှင့်အချိန်ကို အသင်းဝင်များအားလုံး သိရှိစေရန် ထပ်မံကြော်ငြာ ဖိတ်ကြားပါမည်။

